# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၁ရက်၊ ၂၀၁၀ ခုနှစ်၊ ဇူလိုင် ၂၂ရက်၊ ကြာသပတေးနေ့၊ အတွဲ(၄၉)၊ အမှတ်(၂၉၀)



နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ဟသ်ာတ-ဇလွန် အထူးရထားဖြင့် လိုက်ပါကြမည့်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

## နိုင်ငံတော်အကြီးအကဲ

## ပိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်

## အိန္ဒိယနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်မည်

နေပြည်တော် ဇူလိုင် ၂၂

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် အိန္ဒိယသမ္မတနိုင်ငံ သမ္မတ မစ္စစ်ပါရာတီဘာ ဒေဗီဆင်းပတေးလ်၏ ဖိတ်ကြားချက်အရ အိန္ဒိယသမ္မတနိုင်ငံသို့ မကြာမီကာလအတွင်း ချစ်ကြည်ရေးခရီး သွားရောက်မည်ဖြစ်သည်။

(သတင်းစဉ်)

### နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့် အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

### လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ဟသ်ာတ-ဓနုဖြူ-စကြော့(ညောင်တုန်း) ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း၏ အရှည် ၁၆ ဒသမ ၂၅မိုင်ရှိသည့် ဟသ်ာတ-ဇလွန်လမ်းပိုင်း ဖွင့်ပွဲအခမ်းအနား နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် တက်ရောက်အားပေးချီးမြှင့်ပြီး အဖွင့်အမှာစကားပြောကြား

## ဒေသထွက်ကုန်များ ရထားဖြင့် ကုန်ကျစရိတ်သက်သာစွာ ပို့ဆောင်ပေးနိုင်တော့မည်

နေပြည်တော် ဇူလိုင် ၂၁

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် ယနေ့ နံနက် ၇နာရီ ၁၅မိနစ်တွင် ရန်ကုန်မြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာရာ နံနက် ၈နာရီတွင် ဧရာဝတီတိုင်း ဟသ်ာတမြို့သို့ ရောက်ရှိသည်။

### တက်ရောက်အားပေး

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် ဧရာဝတီတိုင်း ဟသ်ာတမြို့ရှိ ဟသ်ာတဘူတာယာဒ်ဝင်းအတွင်း၌ ကျင်းပသည့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက အကောင်အထည်ဖော် ဖောက်လုပ်လျက်ရှိသော ဟသ်ာတ-ဓနုဖြူ-စကြော့(ညောင်တုန်း) ရထားလမ်း ဖောက်လုပ်ရေးစီမံကိန်း၏ ဟသ်ာတ-ဇလွန်လမ်းပိုင်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်ပြီး အဖွင့်အမှာစကားပြောကြားသည်။

*စာမျက်နှာ ၈ ကော်လံ ၁* ✻



ဟသ်ာတ-ဇလွန်ရထားလမ်းပိုင်းတွင် ရထားစတင်ပြေးဆွဲစဉ်။ (သတင်းစဉ်)

22-7 (01).pmd 1 7/22/2010, 1:51 AM

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၁၀ ခုနှစ် ဇူလိုင် ၂၂ ရက်)

# ထူးချွန်သော သားကောင်းရတနာများ ပေါ်ထွန်းရေး စာပေဗဟုသုတများ ဖတ်ရှုလေ့လာ

စာအုပ်စာပေသည် လူတစ်ဦးတစ်ယောက်၏ ဘဝမီးရှူးတန်ဆောင်ဖြစ်သည်။ စာကောင်းပေကောင်းကို ဖတ်ရှုခြင်းဖြင့် အသိပညာဗဟုသုတများ ရရှိစေနိုင်သည်။ ''စာအုပ်စာပေ လူ့မိတ်ဆွေ''ဆိုစကားအရ စာပေသည်ဘဝ၏ အဖော်မွန်ဖြစ်သည်။

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကြီးကို တည်ဆောက်ရာတွင် ခေတ်အမြင်၊ ခေတ်အသိများရှိပြီး အကောင်းအဆိုးကို ဝေဖန်ပိုင်းခြားနိုင်စွမ်း ရှိကြရမည်ဖြစ်သည်။ လူတိုင်းသည် မိမိနိုင်ငံ၊ မိမိလူမျိုးအကျိုးအတွက် မှန်ကန်သော အတွေးအခေါ်နှင့် နိုင်ငံအကျိုးကို စွမ်းဆောင်ကြရမည် ဖြစ်သည်။

စာပေပညာရှင်များသည် နိုင်ငံနှင့်လူမျိုး၏ အသက်ဝိညာဉ်သဖွယ်ဖြစ်သည်။ ထိုသူများသည် အမျိုးသားယဉ်ကျေးမှု ရေရှည်တည်တံ့ပြီး နိုင်ငံတကာအလယ်၌ အမျိုးသားရေးလက္ခဏာ ထည်ဝါတင့်တယ်စွာ ရပ်တည်နိုင်ရေးအတွက် ကြိုးပမ်းစွမ်းဆောင်နေသော အမျိုးသားရေး အင်အားစုများ ဖြစ်ကြသည်။

မျက်မှောက်ကာလတွင် သိပ္ပံနှင့်နည်းပညာများ၊ သတင်းအချက်အလက်နှင့် ဆက်သွယ်မှုနည်းပညာများ တိုးတက်မှုနှင့်အတူ နည်းပညာရပ်များ သာလွန်ပိုင်ဆိုင်ထားသည့် နိုင်ငံကြီးအချို့သည် စာနယ်ဇင်းအပါအဝင် မီဒီယာများကိုချုပ်ကိုင်ပြီး ၎င်းတို့၏အကျိုးစီးပွားအတွက် ဩဇာလွှမ်းမိုးရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

တိုင်းရင်းသားပြည်သူများသည် ပြည်ပနိုင်ငံကြီးအချို့၏ စာနယ်ဇင်းဆိုင်ရာလွှမ်းမိုးမှုကို တွန်းလှန်နိုင်ရန်၊ မှန်ကန်သောအတွေးအခေါ်များရှိရန် စာပေဗဟုသုတနှင့် ပြီးပြည့်စုံနေရမည်ဖြစ်သည်။

ယခုအခါ နိုင်ငံတော်အစိုးရသည် ကျေးလက်နှင့် မြို့ပြစီးပွားရေးနှင့် လူမှုရေးကွာဟချက်များ လျော့နည်းစေရန်၊ ဗဟုသုတတိုးပွားပြီး အသိပညာမြင့်မားလာရန် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များကို တိုးမြှင့်ဖွင့်လှစ်ပေးလျက်ရှိသည်။ စာကြည့်တိုက်များ ဖွင့်လှစ်ခြင်းဖြင့် စာဖတ်သည့် အလေ့အကျင့်ကောင်းများဖြစ်ထွန်းပြီး အရည်အချင်းပြည့်ဝသူများ တိုးတက်များပြားလာစေမည်ဖြစ်သည်။

လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပညာဗဟုသုတများပြည့်ဝရေး၊ အရည်အချင်းပြည့်ဝသောသူများ ပိုမိုဖြစ်ထွန်းရေးတို့သည် စာပေဖတ်ရှုမှုမှ ရရှိသောရလဒ်ကောင်းများဖြစ်ရာ ထူးချွန်ထက်မြက်သော ပြည်သူ့သားကောင်းရတနာများ ပေါ်ထွန်းရေးအတွက် စာပေဗဟုသုတ ဖတ်ရှုလေ့လာမှု အလေ့အကျင့်ကို ပြုစုပျိုးထောင်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## မြဝတီ ရုပ်မြင်သံကြား

၂၂-၇-၂၀၁၀ (ကြာသပတေးနေ့)

**နံနက်ပိုင်း**

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ တရားတော်
၇:၂၀ ၃။ ဓမ္မပူဇာတေး
၇:၂၅ ၄။ မျိုးချစ်တပ်မတော်
၇:၄၀ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၄၅ ၆။ မြန်မာသံစဉ် ချိုနားဝင်
၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

**ညပိုင်း**

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၂၀ ၃။ မျိုးချစ်တပ်မတော်
၄:၄၀ ၄။ အမျိုးသားရေးတေးကဗျာ
၄:၄၅ ၅။ မွေးမြူသုတ
၄:၅၅ ၆။ မြန်မာသံစဉ် ချိုနားဝင်
၅:၀၀ ၇။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
၅:၂၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၅ ၁၀။ အမျိုးသားရေးတေးကဗျာ
၆:၂၀ ၁၁။ လျှပ်တစ်ပြက်
၆:၃၀ ၁၂။ ထူးဆန်းထွေလာ မျက်လှည့်ပညာ
၆:၄၅ ၁၃။ ကာတွန်းအစီအစဉ် **စွန့်စားသူတို့ပျော်စံရာ** (အပိုင်း-၃၂)
၇:၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **စိမ်းရောင်ခြယ်လှည်းကလေး** (အပိုင်း-၃၁)
၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ နိုင်ငံတကာသတင်း
၁၇။ မိုးလေဝသသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ အနုပညာရှင်၏တစ်နေ့တာ
၂၀။ ကုန်သွယ်သုတ
၂၁။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကမ္ဘာ့ညီးတွင်မည့် ချင်သူရဲကောင်း** (အပိုင်း-၃၈)

# လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အင်္ဂလိပ်စာသင်တန်း အမှတ်စဉ်(၂)သင်တန်းဖွင့်




နေပြည်တော် ဇူလိုင် ၂၁

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ထမ်းများ အင်္ဂလိပ်စာသင်တန်း အမှတ်စဉ်(၂)သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၁၀နာရီက နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်ဆွေ တက်ရောက်၍ အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ ဒုတိယဝန်ကြီး ဦးကျော်မြင့်၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးအောင်၊ ရုံးအဖွဲ့မှူး ဦးစီးအေးနှင့် တာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

**တက်ရောက်**

အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ၄၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၂ပတ်ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ကယားပြည်နယ်ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဝင်းမြင့် သီရိမင်္ဂလာတံတားတည်ဆောက်မှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၂၁

ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဝင်းမြင့်သည် ဇူလိုင် ၁၀ရက် နံနက်ပိုင်းက လွိုင်ကော်မြို့ သီရိမင်္ဂလာတံတားတည်ဆောက်ခြင်းလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူတစ်ဦးက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ဥက္ကဋ္ဌက လိုအပ်သည်များ မှာကြားကာ လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် လောမ္မရပ်ကွက်အတွင်း ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်နေမှု အခြေအနေများနှင့် လောပိတတံတား ပြုပြင်ဆောက်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အလယ်တန်းကျောင်းခွဲအဖြစ် အဆင့်တိုးမြှင့်ခြင်း အခမ်းအနား ရေးမြို့နယ် အဏ္ဏဝါရပ်၌ကျင်းပ

ရေး ဇူလိုင် ၂၁

မွန်ပြည်နယ် ရေးမြို့နယ် အဏ္ဏဝါရပ်၌ အမှတ်(၇) မူလတန်းလွန်ကျောင်းအား အလယ်တန်းကျောင်းခွဲအဖြစ် အဆင့်တိုးမြှင့်ခြင်း အခမ်းအနားနှင့် အလှူငွေများ ပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင် ၁၀ရက် နံနက်၈နာရီက ကျင်းပသည်။ အခမ်းအနားသို့ ဒေသခံတပ်နယ်မှ ဗိုလ်မှူးကြီးမောင်မောင်စိုး၊ မြို့နယ်ဥက္ကဋ္ဌ ဦးနေထွန်းအောင်နှင့် အဖွဲ့ဝင်များ၊ ပြည်နယ်ပညာရေးမှူး ဦးမျိုးဆွေ၊ မြို့နယ်ပညာရေးမှူး ဒေါ်လှလှကြည်နှင့် အလယ်တန်းကျောင်းခွဲ ကျောင်းအုပ်ဆရာကြီး ဦးသိန်းနိုင်၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် အလှူရှင်များ တက်ရောက်ကြသည်။



**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ရေးဦးစွာ အခြေခံပညာအလယ်တန်းကျောင်းခွဲကို မြို့နယ်ဥက္ကဋ္ဌဦးနေထွန်းအောင်၊ ပြည်နယ်ပညာရေးမှူး ဦးမျိုးဆွေနှင့် ကျောင်းအကျိုးတော်ဆောင် ဦးစိုးဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။(ဝဲပုံ)

**လက်ခံ**

ထို့နောက် ကျောင်းအတွက် အလှူငွေများပေးအပ်ရာ ပြည်နယ်ပညာရေးမှူးနှင့် ဗိုလ်မှူးကြီး မောင်မောင်စိုးတို့က လက်ခံယူသည်။ ဆက်လက်၍ လှူဒါန်းငွေများကို မြို့နယ်ဥက္ကဋ္ဌနှင့် မြို့နယ်ပညာရေးမှူးတို့က လက်ခံသည်။

(မြို့နယ် ပြန်/ဆက်)

## ရေနုတ်မြောင်းများဆယ်ယူ

ကျောက်ဆည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့ရေစီးရေလာကောင်းမွန်စေရေးအတွက် ဇွန် ၂၅ရက်က ဒုတိယဦးစီးမှူး(သန့်) ဦးခင်မောင်စိုးနှင့် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများပူးပေါင်း၍ တံတားဦးကားလမ်းဘေးတစ်လျှောက် ရေနုတ်မြောင်းများ ဆယ်ယူနေမှုကို အမှုဆောင်အရာရှိ ဦးမျိုးသိန်း ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)



22-7 (02).pmd 1 7/22/2010, 1:51 AM



နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့် ထိုင်းအလုပ်သမားဝန်ကြီးနှင့်အတူ ရနောင်းမြို့ရှိ ယာယီမြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးစခန်း၌ မြန်မာအလုပ်သမားသစ် ၁၇ဦးအား ထိုင်းဘက်သို့ တရားဝင်လွှဲပြောင်းသည့် အခမ်းအနားသို့ တက်ရောက်စဉ်။ (သတင်းစဉ်)

# ဒုတိယဝန်ကြီး ဦးမောင်မြင့် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ထိုင်းနိုင်ငံမှ ပြန်လည်ရောက်ရှိ

နေပြည်တော် ဇူလိုင် ၂၁

ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများအား တရားဝင် အလုပ်လုပ်ကိုင်ခွင့်ရရှိရေးစီမံကိန်း အဖွဲ့ခေါင်းဆောင် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့် ခေါင်းဆောင်သော အဖွဲ့ဝင် ငါးဦးပါ မြန်မာကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံသို့ တရားမဝင်ရောက်ရှိနေသော မြန်မာအလုပ်သမားများ တရားဝင် အလုပ်လုပ်ကိုင်ခွင့်ရရှိရေးနှင့် ကော့သောင်းမြို့မှ ရနောင်းမြို့သို့ ပြောင်းရွှေ့ဖွင့်လှစ်ထားပြီးသော ယာယီမြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးစခန်းသစ်၏ နေ့စဉ်လုပ်ငန်းလည်ပတ်မှုကို ကြည့်ရှုစစ်ဆေးရန်၊ အဆိုပါစခန်းသစ်၌ မြန်မာအလုပ်သမားသစ်များအား ထိုင်းနိုင်ငံဘက်သို့ တရားဝင် စတင်စမ်းသပ်စေလွှတ်ခြင်း အခမ်းအနားသို့ တက်ရောက်ရန်နှင့် ထိုင်းအလုပ်သမားဝန်ကြီး မစ္စတာ ချလမ်ချိုင်းဆရီအွန်၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံ ပရပ်ချာကီရီခန်မြို့၌ ကျင်းပမည့် မြန်မာ-ထိုင်းနှစ်နိုင်ငံ နိုင်ငံသားစိစစ်ရေးနှင့် အလုပ်သမားသစ်များ တင်သွင်းရေးဆိုင်ရာ ဝန်ကြီးအဆင့် အစည်းအဝေးနှင့် အဆင့်မြင့် အရာရှိကြီးများဆိုင်ရာ အစည်းအဝေးပွဲများသို့ တက်ရောက်ရန် ဇူလိုင် ၁၄ရက်မှ ၁၆ရက်အထိ ထိုင်းနိုင်ငံသို့ သွားရောက်ခဲ့သည်။

## တက်ရောက်ခဲ့

ဒုတိယဝန်ကြီး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇူလိုင် ၁၃ရက်တွင် ကော့သောင်းမြို့သို့ ရောက်ရှိကာ မြန်မာအလုပ်သမားများအတွက် ယာယီမြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေး စခန်းသို့ သွားရောက်၍ ထိုင်းနိုင်ငံ Innovative gloves Co., Ltd. က လိုအပ်နေသော မြန်မာအလုပ်သမားသစ် ၂၀၀ အနက် ကနဦး ၁၇ဦးတို့အား စတင်စေလွှတ်သည့် အခမ်းအနားသို့ တက်ရောက်ခဲ့ပြီး ထိုင်းနိုင်ငံ ရနောင်းမြို့သို့ ဆက်လက်ထွက်ခွာခဲ့သည်။

ဒုတိယဝန်ကြီးနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇူလိုင် ၁၄ရက် နံနက်တွင် ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးအောင်သိမ်းလိုက်ပါလျက် ထိုင်းအလုပ်သမား ဝန်ကြီးနှင့်အတူ ရနောင်းမြို့ရှိ ယာယီ မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးစခန်း၌ မြန်မာအလုပ်သမားသစ် ၁၇ဦးအား ထိုင်းဘက်သို့ တရားဝင်လွှဲပြောင်းသည့် အခမ်းအနားသို့ တက်ရောက်ခဲ့သည်။

## ညှိနှိုင်းဆွေးနွေး

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဇူလိုင် ၁၅ရက်တွင် ပရပ်ချာကီရီခန်မြို့ Anantara Hotel ၌ မြန်မာ-ထိုင်းနှစ်နိုင်ငံ နိုင်ငံသားစိစစ်ရေးနှင့် အလုပ်သမားသစ်များ တင်သွင်းရေးဆိုင်ရာ ဝန်ကြီးအဆင့် အစည်းအဝေးနှင့် အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးများသို့ တက်ရောက်ခဲ့သည်။ အစည်းအဝေးတွင် နိုင်ငံသားစိစစ်ရေးလုပ်ငန်းစဉ် ပိုမိုလျင်မြန်သွက်လက်ရေးနှင့် အလုပ်သမားသစ်များ အချိန်မီစေလွှတ်နိုင်ရေး ကိစ္စရပ်များသာမက မှတ်ပုံမတင်ရသေးသော ထိုင်းနိုင်ငံရောက် တရားမဝင် အလုပ်သမားများအား ဖမ်းဆီးတရားစွဲဆိုမှုမပြုရေးနှင့် မှတ်ပုံမတင်ရသေးသော တရားမဝင် မြန်မာအလုပ်သမားများအတွက် မှတ်ပုံတင်ကာလ သက်တမ်းပြန်လည်တိုးမြှင့်သတ်မှတ်ပေးရန်ကိစ္စများကိုလည်း ညှိနှိုင်းဆွေးနွေးခဲ့သည်။

ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ခရီးစဉ်ကာလအတွင်း ရနောင်းမြို့ရှိ Chotiwat ငါးသေတ္တာစက်ရုံ၊ ပရပ်ချာကီရီခန်မြို့ရှိ Siam Aloe Vera Co.,Ltd. ၏ ရှားစောင်းလက်ပပ် ဖျော်ရည်စက်ရုံနှင့် Samutsakorn ပြည်နယ် N.A.P Services and Training Co., Ltd.တို့သို့ သွားရောက်ကာ အလုပ်ရုံပိုင်ရှင်များနှင့် မြန်မာအလုပ်သမားများအား တွေ့ဆုံပြီး ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံ အစိုးရတို့က စေတနာကြီးစွာဖြင့် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်နေသော ထိုင်းနိုင်ငံသို့ တရားမဝင် ရောက်ရှိနေသော မြန်မာအလုပ်သမားများအား တရားဝင် အလုပ်လုပ်ကိုင်ခွင့်ရရှိရေး စီမံကိန်းနှင့် စပ်လျဉ်း၍ အသေးစိတ်ရှင်းလင်းပြောကြားခြင်း၊ ၎င်းတို့၏ လိုအပ်ချက်များ၊ အခက်အခဲများကို မေးမြန်းဖြေကြားခြင်းနှင့် အားပေးစကားပြောကြားခြင်းတို့ကို ဆောင်ရွက်ခဲ့သည့်အပြင် အမိနိုင်ငံ၏ အမျိုးဘာသာ၊ သာသနာကို ထိန်းသိမ်းစောင့်ရှောက်ကြရန်လည်း တိုက်တွန်းမှာကြားခဲ့သည်။

## ပြန်လည်ရောက်ရှိ

ဒုတိယဝန်ကြီး ဦးမောင်မြင့်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းလွင်၊ အလုပ်သမားဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းရှိန်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဦးဌေးလှိုင်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကျော်မိုးတို့ လိုက်ပါသွားကြပြီး ဇူလိုင် ၁၆ရက် ညနေပိုင်းတွင် ထိုင်းနိုင်ငံလေကြောင်းဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

(သတင်းစဉ်)

❍ ကျော်ဖိုးမှ

## ရှင်းလင်းတင်ပြ

ရှေးဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးက အမှာစကားပြောကြားပြီး ရှမ်းပြည်နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးပွင့်က ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တောင်ကြီးခရိုင်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးတင်ဦးက ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများဆောင်ရွက်ထားရှိမှုကိုတင်ပြပြီး တောင်ကြီးမြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးခင်မောင်ညွန့်၊ ဟိုပုံးမြို့နယ် ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးသန်းဝင်း၊ ညောင်ရွှေမြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးထွန်းမြ၊ ဆီဆိုင်မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမောင်များနှင့် တက်ရောက်လာကြသူများက ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများ တင်ပြကြသည်။ ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးက ကော်မရှင်အဖွဲ့ခွဲများ၏ တင်ပြချက်များကို ပြန်လည်ရှင်းလင်းဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

## တွေ့ဆုံ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ဇူလိုင် ၁၈ရက်တွင် ပင်လောင်းမြို့နယ်ကော်မရှင်အဖွဲ့ခွဲ၊ ဖယ်ခုံမြို့နယ်ကော်မရှင်အဖွဲ့ခွဲ၊ ကလောမြို့နယ် ကော်မရှင်အဖွဲ့ခွဲနှင့် ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲတို့မှ အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ခွဲ အဖွဲ့ဝင်များနှင့် တွေ့ဆုံခဲ့သည်။

အလားတူ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးနှင့် လွိုင်လင်ခရိုင်နှင့် လင်းခေးခရိုင်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ တွေ့ဆုံပွဲ အခမ်းအနားကို ဇူလိုင် ၂၀ရက် နံနက် ၇နာရီတွင် လွိုင်လင်မြို့နယ် နည်းပညာတက္ကသိုလ် (ပင်လုံ)ခန်းမ၌ ကျင်းပသည်။

## တက်ရောက်

အခမ်းအနားသို့ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသော ဒေါက်တာစိုင်းခမ်းလှိုင်နှင့် ဒေါက်တာခင်မောင်နု၊ ရှမ်းပြည်နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးပွင့်နှင့် အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ လွိုင်လင်ခရိုင် ကော်မရှင်အဖွဲ့ခွဲ၊ လင်းခေးခရိုင်ရှိ မြို့နယ် (၁၁) မြို့နယ်တို့မှ မြို့နယ်ကော်မရှင်အဖွဲ့ခွဲများ၊ လွိုင်လင်မြို့နယ်နှင့် နမ့်စန်မြို့နယ်တို့မှ ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများမှ အဖွဲ့ခွဲဥက္ကဋ္ဌများနှင့် အဖွဲ့ခွဲ အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစီအစဉ်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးက အမှာစကားပြောကြားပြီး လွိုင်လင်ခရိုင်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌဦးသန်းတင်နှင့် လွိုင်လင်မြို့နယ်၊ နမ့်စန်မြို့နယ်၊ ကွန်ဟိန်းမြို့နယ်၊ လဲချားမြို့နယ်၊ မိုင်းကိုင်မြို့နယ်၊ ကျေးသီးမြို့နယ်နှင့် မိုင်းရှူးမြို့နယ်တို့မှ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌများ၊ လင်းခေးခရိုင်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌဦးစိုင်းစံသိန်းနှင့် လင်းခေးမြို့နယ်၊ မိုးနဲမြို့နယ်၊ မောက်မယ်မြို့နယ်နှင့် မိုင်းပန်မြို့နယ်တို့မှ မြို့နယ်ကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌများက ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

## ပြန်လည်ရှင်းလင်း

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးက ကော်မရှင်အဖွဲ့ခွဲများ၏ တင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# အာဆီယံစွမ်းအင်ဝန်ကြီးများ အစည်းအဝေးတက်ရောက်ရန် စွမ်းအင်ဝန်ကြီး ဦးလွန်းသိ ဗီယက်နမ်သို့ထွက်ခွာ

ရန်ကုန် ဇူလိုင် ၂၁

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးဦးလွန်းသိ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒါလတ်မြို့၌ ကျင်းပမည့် (၂၈)ကြိမ်မြောက် အာဆီယံစွမ်းအင်ဝန်ကြီးများ အစည်းအဝေးတက်ရောက်ရန် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

❐ ကျော်ဖိုးမှ

ယနေ့အထိ နိုင်ငံရေးပါတီ တည်ထောင်ခွင့်နှင့် ဆက်လက်တည်ထောင်ခွင့် လျှောက်ထားသည့် ပါတီ (၄၅)ပါတီရှိပြီး နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့်လျှောက်ထားသည့် ပါတီ (၃၉)ပါတီကို မှတ်ပုံတင်ခွင့်ပြုခဲ့ပြီးဖြစ်ကြောင်းနှင့် ကျန်လျှောက်ထားသည့် ပါတီများကိုလည်း စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၂-၇-၂၀၁၀ (ကြာသပတေးနေ့)

**နံနက်ပိုင်း**

- ၅:၀၀ MRTV-4အဖွင့် Logo၊ ပဌာန်းပါဠိတော်+ဓဇဂ္ဂသုတ်
- ၅:၁၅ MRTV-4 သတင်း
- ၆:၀၀ **ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ** တရားတော် ဆရာတော် အရှင်ပုညာနန္ဒ
- ၇:၀၀ MRTV-4 သတင်း
- ၇:၄၅ ရန်ကုန်မြင်ကွင်းကျယ် (7 Layers Rainy Sales)
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၅၄)
- ၈:၃၀ Sports World
- ၉:၀၀ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ **ဟတ်ထိတယ်**
- ၉:၂၅ Activities in the City (ရခိုင်ပညာသင်ဆုချီးမြှင့်ပွဲ)
- ၉:၄၀ Science For All (သတင်းဆက်သွယ်ရေးနှင့် နည်းပညာသမိုင်း) (သိပ္ပံစာရေးဆရာကိုကိုအောင်၊ ဇင်အောင်)
- ၁၀:၀၅ နွေးထွေးမှုများလွှမ်းခြုံထားသော တိုင်းဧရာဝတီကျိုက်လတ်မှာ
- ၁၀:၂၅ စွမ်းရည်ထက်မြက် မြန်မာ့မျက်လှည့်
- ၁၀:၅၀ အာဟာရနှင့် ကျန်းမာရေး (ဒေါက်တာ ခင်မောင်လွင်၊ ဒေါက်တာ မြင့်မြင့်ဇင်)
- ၁၁:၂၀ ဈေးဝယ်လမ်းညွှန် (သီဂီရွှေဝါချည်ထည်များ)
- ၁၁:၄၀ လူမှုစီးပွားမြင့်မားဖို့ ကျေးရွာစာကြည့်တိုက်အတွင်းစာဖတ်ဖို့
- ၁၁:၄၅ Activities in the City (ရခိုင်ပညာသင်ဆုချီးမြှင့်ပွဲ)
- ၁၂:၀၀ အဆင့်မြင့်ခေတ်မီ သီရိမင်္ဂလာဈေးသစ်ကြီးဆီသို့
- ၁၂:၂၀ ရန်ကုန်တက္ကသိုလ် (ပင်မ) (၁၉၉၆- ၂၀၀၂)ခုနှစ် ဥပဒေဘွဲ့ရ ကျောင်းသား ကျောင်းသူဟောင်းများ၏ပထမအကြိမ် အာစရိယပူဇော်ပွဲ
- ၁၂:၃၀ မျှော်လင့်ခြင်းခရီးစဉ်ဖြစ်ရပ်မှန် (၆) (ဦးခေါင်းနှင့် လည်ပင်းပိုင်းကင်ဆာများ)
- ၁:၀၀ **ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ** တရားတော် ဆရာတော် အရှင်ပုညာနန္ဒ
- ၂:၀၀ MRTV-4 သတင်း
- ၂:၄၅ Zaw Win Htut Emperor 25th Anniversary Live Show (Part-3)
- ၃:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၅၄)
- ၄:၃၅ နွေးထွေးမှုများလွှမ်းခြုံထားတာ တိုင်းဧရာဝတီကျိုက်လတ်မှာ
- ၅:၀၀ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ **ဟတ်ထိတယ်**
- ၅:၃၀ MRTV-4 ကာတွန်းအစီအစဉ်
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ အနုပညာမိုးကောင်းကင်
- ၆:၄၅ Zaw Win Htut Emperor 25th Anniversary Live Show (Part-3)
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ ဂီတသရုပ်ပြခန်း (ချစ်သုဝေ၊ ချစ်ဆုဝေ- တရှိုက်မက်မက်)
- ၉:၀၀ အနုပညာမိုးကောင်းကင်
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၅၄)
- ၁၀:၀၀ မျှော်လင့်ခြင်းခရီးစဉ် ဖြစ်ရပ်မှန် (၆) (ဦးခေါင်းနှင့် လည်ပင်းပိုင်းကင်ဆာများ)
- ၁၀:၂၅ ဈေးဝယ်လမ်းညွှန် (သီဂီရွှေဝါ ချည်ထည်များ)
- ၁၀:၄၅ နည်းစနစ်မှန်မှန် ကော်ဖီစိုက်ပျိုးရန်
- ၁၁:၀၀ ရန်ကုန်မြင်ကွင်းကျယ် (7 Layers Rainy Sales)
- ၁၁:၁၅ ဂီတသရုပ်ပြခန်း (ချစ်သုဝေ၊ ချစ်ဆုဝေ- တရှိုက်မက်မက်)
- ၁၁:၄၀ အဆင့်မြင့်ခေတ်မီ သီရိမင်္ဂလာဈေးသစ်ကြီးဆီသို့
- ၁၁:၅၅ အရသာနှင့် အာဟာရစုံစွာ ပျော်ဘွယ်မုန့်ကြွပ်မှာ
- ၁၂:၀၅ ကဏ္ဍစုံလင်အားကစား အစီအစဉ်

**MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့်ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

# ဘူမိဆိုင်ရာ အင်ဂျင်နီယာလုပ်ငန်းအကြောင်း ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၁

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းကကြီးမှူးကျင်းပသော Current Status of Geotechnical Engineering ဟောပြောပွဲနှင့် AAET Fellowship, AER Asean Eng Certificate လက်မှတ်ပေးအပ်ပွဲကို ဇူလိုင် ၂၃ရက်(သောကြာနေ့) မွန်းလွဲ ၂နာရီ ၄၅မိနစ်မှ ညနေ၄နာရီ ၄၅မိနစ်အထိ လှိုင်တက္ကသိုလ်(လှိုင်နယ်မြေ)ရှိ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းအဆောက်အအုံ Function Hall ၌ ကျင်းပမည်ဖြစ်ကြောင်း၊ Dato Ir Hong Lee Pee က Current Status of Geotechnical Engineering အကြောင်းကို ဟောပြောမည်ဖြစ်ပြီး စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက်နိုင်ကြောင်း၊ အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း ဖုန်း-၅၁၉၆၇၃-၆သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

**နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်**

# မြန်မာနိုင်ငံ အရှေ့ပိုင်းဒေသများ မိုးပိုလာနိုင်

နေပြည်တော် ဇူလိုင် ၂၁

**ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ** လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

**ဇူလိုင် ၂၂ရက် ညနေအထိ ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ကယားပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းအထက်ပိုင်းတွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင်** လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ** မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများ မိုးပိုလာနိုင်သည်။

**နေပြည်တော်နှင့် မန္တလေးမြို့ အနီးတစ်ဝိုက်တွင်** ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်** ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

## အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့် အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ဘဂ္ဂဒက် ဇူလိုင် ၂၁

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည်မှာ အချိန်ကာလ ကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ၏ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့မှုကြောင့် အီရတ်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရလျက်ရှိသည်။

**အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု**

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည့်အချိန်မှစတင်ပြီး ဇူလိုင် ၂၁ရက်အထိ သေဆုံးခဲ့သည့် အီရတ်ပြည်သူဦးရေမှာ ၇၀၂၃၉၇ဦးရှိပြီး အပြင်းအထန် ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ ၁၂၇၀၃၃၇ဦး ဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

| စဉ် | အကြောင်းအရာ | အရေအတွက် |
|---|---|---|
| ၁။ | သေဆုံးသူ အီရတ်ပြည်သူများ | ၇၀၂၃၉၇ ဦး |
| ၂။ | အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အီရတ်ပြည်သူများ | ၁၂၇၀၃၃၇ ဦး |

(အင်တာနက်)

## အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့် အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ကဘူးလ် ဇူလိုင် ၂၁

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည်မှာ အချိန်ကာလ ကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ၏ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့မှုကြောင့် အာဖဂန်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရလျက်ရှိသည်။

**အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု**

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့သည့်အချိန်မှစတင်ပြီး ဇူလိုင် ၂၁ရက်အထိ သေဆုံးခဲ့သည့် အာဖဂန်ပြည်သူဦးရေမှာ ၃၃၀၀၉ဦးရှိပြီး အပြင်းအထန် ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ ၃၉၅၈၆ ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

| စဉ် | အကြောင်းအရာ | အရေအတွက် |
|---|---|---|
| ၁။ | သေဆုံးသူ အာဖဂန်ပြည်သူများ | ၃၃၀၀၉ ဦး |
| ၂။ | အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အာဖဂန်ပြည်သူများ | ၃၉၅၈၆ ဦး |

(အင်တာနက်)

## ကန်နိုင်ငံသားနှစ်ဦး အာဖဂန်တပ်ဖွဲ့ ပစ်ခတ်၍သေဆုံး

ကဘူးလ် ဇူလိုင် ၂၁

အာဖဂန်နစ္စတန်နိုင်ငံမြောက်ပိုင်း စစ်အခြေစိုက်စခန်းတစ်ခု၌ အမေရိကန်အရပ်ဘက် စစ်ရေးဆိုင်ရာလေ့ကျင့်သင်ကြားပေးသူများကို အာဖဂန်တပ်ဖွဲ့ဝင်တစ်ဦးက ပစ်သတ်ခဲ့သဖြင့် အမေရိကန်နိုင်ငံသားနှစ်ဦးသေဆုံးခဲ့ကြောင်း အမေရိကန်ကာကွယ်ရေး ဝန်ကြီးဌာနက ဇူလိုင် ၂၁ရက်၌ သတင်းထုတ်ပြန်သည်။

အာဖဂန်မြောက်ပိုင်း မာဇာအီးရှာရစ်ဖ်စစ်အခြေစိုက်စခန်းအပြင်ဘက်၌ အဆိုပါဖြစ်ပွားခဲ့ရာ အာဖဂန်တပ်ဖွဲ့ဝင်တစ်ဦးက စစ်လက်နက်ပိုင်းဆိုင်ရာ လေ့ကျင့်သင်ကြားပေးသူ အမေရိကန်တို့အား ပစ်ခတ်ခဲ့ကြောင်း၊ အပြန်အလှန်ပစ်ခတ်မှုကြောင့် အခြားအာဖဂန်တပ်ဖွဲ့ဝင်တစ်ဦးလည်း သေဆုံးခဲ့သည်။ **(အင်တာနက်)**

**အာဖဂန်နစ္စတန်နိုင်ငံ ကန်ဒါဟာမြို့တွင် ဗုံးခွဲတိုက်ခိုက်မှု ဖြစ်ပွားပြီးနောက် အပျက်အစီးများကို ဇူလိုင် ၂၁ရက်က တွေ့ရစဉ်။** (အင်တာနက်ဓာတ်ပုံ)



## အီရန်နိုင်ငံတစ်ဝန်း ဗုံးခွဲတိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွား

*ဘဂ္ဂဒက် ဇူလိုင် ၂၁*

*အီရန်နိုင်ငံတစ်ဝန်း ဇူလိုင် ၂၀ရက်က အကြမ်းဖက်တိုက်ခိုက်မှုများ ဆက်တိုက်ဖြစ်ပွားခဲ့သဖြင့် ပြည်သူအများအပြား သေကျေထိခိုက်ဒဏ်ရာရရှိခဲ့သည်။*

**ဘဂ္ဂဒက်မြို့**

*ဘဂ္ဂဒက်မြို့ မြောက်ပိုင်း အက်ဟာမီယာဒေသ၌ ဗုံးခွဲတိုက်ခိုက်ခဲ့သဖြင့် စိုက်ပျိုးရေးဝန်ထမ်းတစ်ဦး ထိခိုက်ဒဏ်ရာရခဲ့သည်။*

**ဘာကူဘာ**

*ဘာကူဘာမြို့တွင် လမ်းဘေးဗုံးနှစ်လုံး ပေါက်ကွဲသဖြင့် ရဲတပ်ဖွဲ့ဝင် ၁၀ဦး ဒဏ်ရာရခဲ့ပြီး တစ်ဦး သေဆုံးခဲ့သည်။ ခုနစ်ဦး ဒဏ်ရာပြင်းထန်စွာ ရခဲ့သည်။ ဘဂ္ဂဒက်မြောက်ဘက် ၇၃မိုင်အကွာ ကာရာတက်ပါအရပ်၌ ကားဗုံးခွဲ တိုက်ခိုက်မှုကြောင့် အရပ်သားနှစ်ဦး သေဆုံးပြီး ၁၇ဦး ထိခိုက်ဒဏ်ရာရခဲ့သည်။ ကယ်လ်ကွတ်၊ တဲလ်အဖာမြို့များတွင်လည်း လမ်းဘေးဗုံးဖြင့် ဖောက်ခွဲတိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။*

**ဘာဆာရာ**

*ဘဂ္ဂဒက်မြို့အရှေ့တောင်ဘက် မိုင် ၂၆၀အကွာ ဘာဆာရာမြို့၌ စစ်ယာဉ်တန်းကို လမ်းဘေးဗုံးဖြင့် တိုက်ခိုက်ခဲ့သဖြင့် အီရတ်တပ်ဖွဲ့ဝင်သုံးဦး ထိခိုက်ဒဏ်ရာရခဲ့သည်။* ***အမ်အင်န်အေ၊ရိုက်တာ***



ဘဂ္ဂဒက်မြို့ အရှေ့မြောက်ပိုင်း၌ ကားဗုံးဖောက်ခွဲတိုက်ခိုက်မှု ဖြစ်ပွားပြီးနောက် အပျက်အစီးများကို ဇူလိုင် ၂၁ရက်၌ တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

# အီရတ်-အာဖဂန်သတင်းများ

## အာဖဂန်နစ္စတန်တစ်နိုင်ငံလုံးအတွက် လုံခြုံရေးတာဝန် ၂၀၁၄ ခုနှစ်တွင် လွှဲပြောင်းပေးရန် သမ္မတကာဇိုင်းတိုက်တွန်း

ကဘူးလ် ဇူလိုင် ၂၁

**အာဖဂန်နစ္စတန်တစ်နိုင်ငံလုံး၏လုံခြုံရေးကို ၂၀၁၄ ခုနှစ်အရောက်တွင် ကိုယ်ပိုင်လုံခြုံရေးအဖြစ် ပြောင်းလဲတာဝန်ယူနိုင်ရန် ကြိုးပမ်းပေးကြရေးအတွက် အာဖဂန်သမ္မတ ဟာမစ်ကာဇိုင်းက ကဘူးလ်မြို့တွင် ဇူလိုင် ၂၁ရက်က ကျင်းပသော နိုင်ငံတကာညီလာခံ၌ တိုက်တွန်းပြောကြားလိုက်သည်။**

အာဖဂန်နစ္စတန်နိုင်ငံတွင် နိုင်ငံတကာ အကူအညီပေးရေးညီလာခံသို့ တက်ရောက်လာသော နိုင်ငံပေါင်း ၇၀မှ ကိုယ်စားလှယ်များအား သမ္မတကာဇိုင်းက အထက်ပါအတိုင်း တိုက်တွန်း ပြောကြားလိုက်ခြင်းဖြစ်သည်။ အာဖဂန်တပ်ဖွဲ့ဝင်များအနေဖြင့် ယခု နှစ်ကုန်ပိုင်းတွင် အချို့သောနေရာများ၌ တာဝန်လွှဲပြောင်းရယူသွားရမည်ဖြစ်ကြောင်း၊ ၂၀၁၄ ခုနှစ်အကုန်တွင် အာဖဂန် ပြည်နယ်အားလုံး၏ စစ်ဆင်ရေးတာဝန်များကို အာဖဂန်အမျိုးသား လုံခြုံရေးတပ်ဖွဲ့ (အေအင်န်အက်စ်အက်ဖ်)က ဦးဆောင်တာဝန်ယူသွားရန် ဆန္ဒရှိကြောင်း သမ္မတကာဇိုင်းက ပြောကြားခဲ့သည်ကို ရိုက်တာသတင်းဌာနက ကိုးကားဖော်ပြသည်။

**တိုက်တွန်း**

အာဖဂန်နစ္စတန် တစ်နိုင်ငံလုံး၏ လုံခြုံရေးတာဝန်ကို အာဖဂန်တပ်များသို့ လွှဲပြောင်းပေးရန်လည်း နိုင်ငံတကာအသိုင်းအဝိုင်းသို့ သမ္မတကာဇိုင်းက တိုက်တွန်း ဆော်ဩလိုက်သည်။ **(အင်တာနက်)**



**ဆေးကုသမှုခံယူ**

**အီရတ်နိုင်ငံ ဘာကူဘာမြို့တွင် ဗုံးဖောက်ခွဲ တိုက်ခိုက်မှုကြောင့် ဒဏ်ရာရရှိသူတစ်ဦး ဆေးရုံ၌ ဆေးကုသမှု ခံယူနေမှုကို ဇူလိုင် ၂၁ရက်က တွေ့ရစဉ်။**

(အင်တာနက်ဓာတ်ပုံ)

## အီရတ်အရှေ့ပိုင်း၌ ကားဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွား

*ဘာကူဘာ ဇူလိုင် ၂၁*

*အီရတ်နိုင်ငံအရှေ့ပိုင်း ဒီယာလာပြည်နယ် ဆိုင်ရင်အရပ်၌ ဇူလိုင် ၂၀ရက်က ကားဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားရာ ခုနစ်ဦးသေဆုံးပြီး ရှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း အီရတ် ရဲတပ်ဖွဲ့ကပြောကြားသည်။*

*တိုက်ခိုက်*

*ဖြစ်စဉ်မှာ ဒီယာလာပြည်နယ်ရှိ အီရတ်နှင့် အီရန်နယ်စပ်ဂိတ်အနီး ဆိုင်ရင်မြို့ရှိ စားသောက်ဆိုင်၌ ဗုံးခွဲတိုက်ခိုက်ခြင်းဖြစ်သည်။ သေဆုံးသူအများစုမှာ အီရတ်အရပ်သားအချို့နှင့် အီရန်နိုင်ငံသားအချို့ ပါဝင်ကြောင်း ၎င်းတို့က ပြောကြားသည်။*

*သေဆုံး*

*သေဆုံးသူများတွင် အီရန် ငါးဦးနှင့် အီရတ်နှစ်ဦးဖြစ်ပြီး ဒဏ်ရာရရှိသူများမှာ အီရတ်နိုင်ငံသားများ ဖြစ်ကြသည်။ ဇူလိုင် ၁၉ရက်က ဒီယာလာပြည်နယ် ကာတာကာပါမြို့တွင် ဗုံးခွဲတိုက်ခိုက်မှုကြောင့် အရပ်သား သုံးဦးသေဆုံးပြီး ၂၅ဦး ဒဏ်ရာရရှိခဲ့သည်။*

*ပြောကြား*

*အီရတ်နိုင်ငံတစ်ဝန်း မြို့ကြီးများ၌ ဗုံးခွဲတိုက်ခိုက်မှုများတွင် ကားဗုံးခွဲတိုက်ခိုက်မှုနှင့် လမ်းဘေးဗုံးတိုက်ခိုက်မှုများမှာ အများဆုံးဖြစ်ကြောင်း အီရတ်ရဲတပ်ဖွဲ့က ပြောကြားသည်။*

*(အင်တာနက်)*

## တရုတ်၌ မိုဘိုင်းလ်ဖုန်းသုံးစွဲသူ သန်း ၈၀၀ အထိရှိလာ

ပေကျင်း ဇူလိုင် ၂၁

**တရုတ်နိုင်ငံတစ်ဝန်းတွင် မိုဘိုင်းလ်ဖုန်း သုံးစွဲသူဦးရေမှာ သန်း ၈၀၀ခန့်ထိ ရှိလာပြီဖြစ်ကြောင်း၊ အဆိုပါ လူဦးရေမှာ ဇွန်လကုန်အထိဖြစ်ကြောင်း တရုတ်နိုင်ငံ ပြန်ကြားရေးနှင့် စက်မှုဝန်ကြီးဌာနဝန်ကြီး ကျန့်ဖန်က ဇူလိုင် ၂၁ရက်၌ ပြောကြားသည်။**

တရုတ်နိုင်ငံတစ်ဝန်း တယ်လီဖုန်း အမျိုးအစားမျိုးစုံသုံးစွဲသူ စုစုပေါင်းမှာ ဇွန်လကုန်အထိ ၁ ဒသမ ၁ ဘီလီယံ ရှိနေပြီဖြစ်သည်။ ယင်းတယ်လီဖုန်းသုံးစွဲသူများအနက် ကြိုးဖုန်း သုံးစွဲသူဦးရေမှာ သန်း၃၀၀ခန့် ရှိနေသည်။

### ရင်းနှီးမြှုပ်နှံ

ထို့အတူ သရီးဒီမိုဘိုင်းလ်ဖုန်း သုံးစွဲသူများမှာ ဇွန်လကုန်အထိ ၂၅ ဒသမ ၂သန်း ရှိနေပြီဖြစ်သည်။ သရီးဒီမိုဘိုင်းလ်ဖုန်းအတွက် တရုတ်နိုင်ငံတွင် ယခုနှစ်၌ အမေရိကန်ဒေါ်လာ ၁၇ ဒသမ ၇၃ဘီလီယံအထိ ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်သည်။ **(အင်တာနက်)**



## အိန္ဒိယအရှေ့ပိုင်း ရထားတိုက်မှု စက်ခေါင်းမောင်း၏ အမှားကြောင့်ဖြစ်

**နယူးဒေလီ ဇူလိုင် ၂၁**

အိန္ဒိယနိုင်ငံအရှေ့ပိုင်း အနောက်ဘင်ဂယ်ပြည်နယ်၌ ဇူလိုင် ၂၀ရက်က ရထားတိုက်မှုဖြစ်ပွားမှုမှာ ရထားစက်ခေါင်းမောင်းသူ၏ အမှားကြောင့်ဖြစ်ကြောင်း ရှေးဦးစုံစမ်းစစ်ဆေးမှုများအရ သိရသည်။

### ပြောကြား

အဆိုပါ ရထားစက်ခေါင်းမောင်းနှင်သူသည် ခရီးသည်တင်အမြန်ရထားကြီးကို ဆိန့်သီယာမြို့ဘူတာအတွင်း အရှိန်ပြင်းစွာ မောင်းနှင်ဝင်ရောက်ခဲ့ကြောင်း၊ ၎င်းအနေဖြင့် ရထားဘရိတ်ကို အသုံးမပြုခဲ့ကြောင်း၊ အချက်ပြသတိပေးမှုများကိုလည်း သတိမေ့လျော့ ခုတ်မောင်းခဲ့ကြောင်း၊ ထိုသို့ အရှိန်ပြင်းစွာ ခုတ်မောင်းခဲ့၍ ရပ်ထားသော ရထားတစ်စင်းကို ဝင်ရောက်တိုက်ခဲ့ကြောင်း၊ သေဆုံးသူ ၆၃ဦးရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ **(အင်တာနက်)**

## လူကုန်ကူးမှုတိုက်ဖျက်ရေး အရှိန်အဟုန်မြှင့်ဆောင်ရွက်ရမည်

ကွာလာလမ်ပူ ဇူလိုင် ၂၁

**ကမ္ဘာပေါ်တွင်မူးယစ်ဆေးဝါးမှောင်ခိုခြင်း၊ လက်နက်များ ရောင်းချခြင်းတို့ပြီးလျှင် လူကုန်ကူးမှုသည် ကမ္ဘာ့တတိယမြောက် တရားမဝင်ဝင်ငွေ အရရှိဆုံးနှင့် အများဆုံးလုပ်ကိုင်လာသည့် လုပ်ငန်းတစ်ခုဖြစ်လာကြောင်း၊ ယင်းအတွက်ကြောင့် လူကုန်ကူးမှုတိုက်ဖျက်ရေး အရှိန်မြှင့်တင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း ဩစတြေးလျနိုင်ငံမှ ပညာရှင်များက ဇူလိုင် ၂၁ရက်၌ ထုတ်ဖော်ပြောကြားလိုက်သည်။**

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် ကျင်းပလျက်ရှိသည့် ရာဇဝတ်မှုများ၊ အကြမ်းဖက်မှုများ၊ ဘဏ္ဍာငွေကြေးဆိုင်ရာ အစည်းအဝေးတွင် ဩစတြေးလျ သုတေသနပညာရှင်များက ထုတ်ဖော်သတိပေးလိုက်ခြင်းဖြစ်သည်။

ကမ္ဘာတစ်ဝန်း လူမှောင်ခိုကူးမှုမှ တစ်ဆင့် ရရှိသည့်ငွေကြေးများမှာ တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၃၅ ဒသမ ၆ ဘီလီယံရှိနေကြောင်း၊ နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် လူကုန်ကူးမှုတိုက်ဖျက်ရေးကို အရှိန်မြှင့်တင် လုပ်ဆောင်ကြရန် လိုကြောင်း ၎င်းတို့က သုံးသပ်ပြောကြားသည်။ **(အင်တာနက်)**

**ဗြိတိန်နိုင်ငံ ဖန်းဆိုရပ် နိုင်ငံတကာလေကြောင်းပြပွဲတွင် တရုတ်နိုင်ငံမှ ထုတ်လုပ်သော အမျိုးအစားသစ် စီ-၉၁၉လေယာဉ် ပြသထားသည်ကို ဇူလိုင် ၂၁ရက်က တွေ့ရစဉ်။**

(အင်တာနက်ဓာတ်ပုံ)



## ချားရဟတ် ဥယျာဉ်ကြီး

**ယူအေအီးနိုင်ငံ အာဘူဒါဘီ၌ တည်ဆောက်ဖွင့်လှစ်လိုက်သော ကမ္ဘာ့ပထမဆုံး ချားရဟတ်ပုံစံ ဥယျာဉ်ကြီးကို ဇူလိုင် ၂၁ရက်က တွေ့ရစဉ်။** (အင်တာနက်ဓာတ်ပုံ)

## ရှားပါးမျောက်ကလေးများ မှောင်ခိုတင်သွင်းလာသူ မက္ကဆီကိုလေဆိပ်၌ ဖမ်းဆီးမိ

**မက္ကဆီကို(စီးတီး) ဇူလိုင် ၂၁**

မက္ကဆီကိုနိုင်ငံတွင် ရှားပါးမျောက်ကလေး ၁၈ကောင်အား အဝတ်အစားအိတ်အတွင်းမှ တရားမဝင် တင်သွင်းလာသူ တစ်ဦးအား မက္ကဆီကို အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ဖမ်းဆီးလိုက်ကြောင်း မက္ကဆီကို အာဏာပိုင်များက ပြောကြားသည်။

### တရားမဝင်တင်သွင်း

မျောက်ကလေးများအား မှောင်ခိုတင်သွင်းလာသူမှာ ရိုဘတ်တိုဆိုလ်ကာဘရီရာ ဆိုသူဖြစ်ပြီး ၎င်းသည် မျောက်ကလေးများအား ပီရူးနိုင်ငံ လီမာမြို့မှ တင်သွင်းလာခြင်းဖြစ်ကြောင်း သိရသည်။

### တားမြစ်

ထိုမျောက်ကလေးများသည် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးအေဂျင်စီမှ တားမြစ်ထားသော မျိုးသုဉ်းတော့မည့် တောင်အမေရိကမှ တီတီမျောက်အမျိုးအစားဖြစ်သည်ဟု ဆိုသည်။

### ရောင်းချမည်

အဆိုပါ မျောက်ကလေးများအား ရိုဘတ်တိုသည် ပီရူးနိုင်ငံမှ မျောက်တစ်ကောင်လျှင် ဒေါ်လာ ၃၀နှင့် ဝယ်ယူလာပြီး မက္ကဆီကိုနိုင်ငံတွင် ၇၇၅ ဒေါ်လာနှင့် ၁၅၅၀ ဒေါ်လာအကြား ရောင်းချမည်ဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြပါရှိသည်။

**(အင်တာနက်)**

## နောက်ဆုံးပေါ် အက်ဖ်-၃၅ တိုက်လေယာဉ်များ အမေရိကန်က အစ္စရေးသို့ ရောင်းတော့မည်

**ဝါရှင်တန် ဇူလိုင် ၂၁**

အစ္စရေးအစိုးရထံ နောက်ဆုံးပေါ် ခေတ်မီလက်နက်များရောင်းချရေး အမေရိကန်အစိုးရ၏ မူဝါဒအရ အက်ဖ်-၃၅ ဂျက်တိုက်လေယာဉ်များကို ရောင်းချရန် အမေရိကန်နှင့် အစ္စရေးတို့ သဘောတူညီချက်ရလုနီးပြီဖြစ်ကြောင်း အင်တာနက်သတင်း၌ ဇူလိုင် ၂၀ရက်က ဖော်ပြပါရှိသည်။

### ကြေညာ

အစ္စရေးသို့ ဒေါ်လာ သုံးဘီလီယံတန် အက်ဖ်-၃၅ ဂျက်တိုက်လေယာဉ် ၁၉စင်း ရောင်းချရန် စီစဉ်လျက်ရှိသည်ဟု လော့စ်ဟီးမာတင် ကော်ပိုရေးရှင်းက ကြေညာသည်။

ကိုးနိုင်ငံ အုပ်စုဝင်မဟုတ်သည့် နိုင်ငံတစ်နိုင်ငံကို ခေတ်မီ အက်ဖ်-၃၅ ဂျက်တိုက်လေယာဉ်ရောင်းချခြင်းမှာ ဤအကြိမ်သည် ပထမဆုံးအကြိမ်ဖြစ်သည်ဟု သိရသည်။ ယင်းသို့ရောင်းချရန် ၂၀၀၈ ခုနှစ်ကတည်းက စေ့စပ်ဆွေးနွေးခဲ့သည်။

**(အင်တာနက်)**

## နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည်-စုစည်းသည်

### ပနားမား၌ မူးယစ်ဆေးဝါး နှစ်တန်ကျော်သိမ်းဆည်းရမိ

*ပနားမားနိုင်ငံ ရေပြင်ပိုင်နက်အတွင်း ဇူလိုင် ၂၁ရက်က အမြန်ရေယာဉ်ငယ်တစ်စင်းကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ရပ်တန့်ရှာဖွေခဲ့ရာ မူးယစ်ဆေးဝါး ၂ ဒသမ ၄တန်ကို သိမ်းဆည်းရမိခဲ့ကြောင်း ပနားမားလုံခြုံရေးတပ်ဖွဲ့က သတင်းထုတ်ပြန်သည်။*

### ရုရှားတောင်ပိုင်း၌ ရေအားလျှပ်စစ်စက်ရုံ ပေါက်ကွဲ

***ရုရှားနိုင်ငံတောင်ပိုင်းရှိ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံတစ်ရုံ ဇူလိုင် ၂၁ ရက်က ပေါက်ကွဲမှုဖြစ်ပွားရာ နှစ်ဦးသေဆုံးပြီး အချို့ဒဏ်ရာရရှိခဲ့ကြောင်း၊ ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းထုတ်ပြန်သည်။***

### တရုတ်တောင်ပိုင်း၌ မုန်တိုင်းသတိပေးချက်ထုတ်ပြန်

*တရုတ်နိုင်ငံတောင်ပိုင်း ကွမ်တုန်နှင့်ဟီနန်ပြည်နယ်များတွင်လည်း လာမည့် ၂၄ နာရီအတွင်း မုန်တိုင်းတိုက်ခတ်နိုင်မှု သတိပေးချက်ထုတ်ပြန်ထားကြောင်း၊ ၎င်းမုန်တိုင်းသည် တစ်နာရီလျှင် ၁၅ ကီလိုမီတာဖြင့် ရွေ့လျားနေကြောင်း၊ မိုးသည်းထန်ပြီး ရေလွှမ်းမှုများ ဖြစ်ပေါ်နိုင်ကြောင်း တရုတ်မိုးလေဝသဌာနက သတင်းထုတ်ပြန်သည်။*

### ကမ္ဘာ့ဈေးကွက်၌ ဒေါ်လာဈေးနှုန်းကျဆင်း

***ကမ္ဘာ့ငွေကြေးဈေးကွက်တွင် ဒေါ်လာဈေးနှုန်းများ ကျဆင်းလျက်ရှိရာ ဂျပန်ငွေကြေးဈေးကွက်၌ အမေရိကန်တစ်ဒေါ်လာလျှင် ၈၇ ယန်းရှိခဲ့ကြောင်း ဂျပန်ငွေကြေးအရာရှိများက ဇူလိုင် ၂၁ရက်၌ ပြောကြားသည်။***

### တောင်အမေရိက၌ အအေးလှိုင်းကျရောက်

*တောင်အမေရိကတိုက်နိုင်ငံများဖြစ်သည့် အာဂျင်တီးနား၊ ဥရုဂွေးနှင့် ချီလီနိုင်ငံတို့တွင် ဇူလိုင် ၂၁ရက်က အအေးလှိုင်း ကျရောက်ခဲ့ရာ လူ ၂၆ဦးသေဆုံးခဲ့ပြီး အဝေးပြေးကားလမ်းများ ပိတ်ထားခဲ့ရကြောင်း၊ ယခုနှစ်အတွင်း အဆိုးရွားဆုံး အအေးလှိုင်းကျရောက်ခြင်းဖြစ်ကြောင်း အာဂျင်တီးနား အရာရှိများက ပြောကြားသည်။*

### ကမ္ဘာ့ဈေးကွက်၌ ရေနံဈေးနှုန်းမြင့်တက်

***ကမ္ဘာ့ဈေးကွက်တွင် ရေနံဈေးနှုန်းများ မြင့်တက်လျက်ရှိရာ ဇူလိုင် ၂၁ရက်က နယူးယောက်မြို့ ဈေးကွက်တွင် ရေနံစိမ်းတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၇၇ဒသမ ၄၄ဒေါ်လာ အထိရှိပြီး ဗြိတိန်ဈေးကွက်တွင် အမေရိကန်ဒေါ်လာ ၇၆ဒသမ၂၂ ဒေါ်လာ ရှိခဲ့ကြောင်း သတင်းထုတ်ပြန်သည်။***

### ဓားပြများအပိုင်စီးထားသည့် သင်္ဘောစာရင်းထုတ်ပြန်

*ဆိုမာလီပင်လယ်ဓားပြများ လက်ထဲ၌ ဇူလိုင် ၂၁ရက်အထိ အပိုင်စီးထားသည့် နိုင်ငံတကာ သင်္ဘောများမှာ ၂၁စင်းရှိနေဆဲဖြစ်ပြီး သင်္ဘောသားဦးရေမှာ ၃၈၇ဦး ဖြစ်ကြောင်း နိုင်ငံတကာရေကြောင်းလုံခြုံရေးအဖွဲ့က သတင်းထုတ်ပြန်သည်။*

### အီရန်တောင်ပိုင်း၌ ငလျင်လှုပ်၊ ၁၅ ဦးဒဏ်ရာရရှိ

***အီရန်နိုင်ငံတောင်ပိုင်း ပါရှန်ပင်လယ်ကွေ့အနီး ဟော်မိုဂန်ပြည်နယ်နှင့် ဖားစ်ပြည်နယ်အကြားတွင် ဇူလိုင် ၂၁ ရက်က ရစ်ချ်တာစကေး ၅ ဒသမ ၈ရှိ ငလျင်လှုပ်ခဲ့သဖြင့် ကီမက်စ်မြို့တွင် အဆောက်အအုံအချို့ပျက်စီးခဲ့ပြီး ၁၅ဦး ဒဏ်ရာရရှိခဲ့ကြောင်း အီရန်အရာရှိများက သတင်းထုတ်ပြန်သည်။*** *(အောက်ပုံ)*



### နီပေါ၌ မြေပြို၊ ၁၀ဦးသေဆုံး

*နီပေါနိုင်ငံ အနောက်ပိုင်း ဒိုလ်ပါကျေးရွာတွင် ဇူလိုင် ၂၁ရက် နံနက်က မြေပြိုမှုဖြစ်ပွားရာ ကျေးရွာသား ၁၀ဦး သေဆုံးပြီး နေအိမ်အချို့ပျက်စီးခဲ့ကြောင်း နီပေါရဲတပ်ဖွဲ့က သတင်းထုတ်ပြန်သည်။ ။* ***(အင်တာနက်)***



# မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ် တာဝန်ရှိသူများညှိနှိုင်းအစည်းအဝေး အားကစားဝန်ကြီး သူရဦးအေးမြင့် တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဇူလိုင် ၂၁

**မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့်သည် ယမန်နေ့ နံနက် ၉နာရီက ရန်ကုန်မြို့ အမျိုးသားအားကစား ပြိုင်ပွဲရုံ(၁)သုဝဏ္ဏ ပတ္တမြားခန်းမ၌ ကျင်းပသော အသစ်ပြန်လည်ဖွဲ့စည်းခဲ့သည့် မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။** (အပေါ်ပုံ)

အဆိုပါအခမ်းအနားသို့ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ် ဥက္ကဋ္ဌအသစ်အဖြစ် တာဝန်ပေးအပ်ခြင်းခံရသော Original Group Co.,Ltd. မန်နေဂျင်းဒါရိုက်တာ ဦးသာဌေးနှင့် တွဲဖက်တာဝန်ထမ်းဆောင်ကြမည့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့်က အဖွင့် အမှာစကားပြောကြားရာ၌ စက်ဘီးအားကစား အဆင့်အတန်း တိုးတက်မြင့်မားလာစေရေး ကြိုးစားဆောင်ရွက်သွားကြရန်၊ အားကစားသမားရွေးချယ်ရေးစီမံချက်၊ လေ့ကျင့်ရေးစီမံချက်နှင့် အောင်နိုင်ရေးစီမံချက်များ ရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် ၊ မြန်မာနိုင်ငံတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၌ စက်ဘီးအားကစားနည်းမှ အောင်မြင်မှုများ ရရှိစေရန်အတွက် စနစ်တကျ စီမံဆောင်ရွက်သွားကြရန် မှာကြားသည်။

### ဖြည့်စွက်မှာကြား

ယင်းနောက် မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အစည်းအဝေးသို့ တက်ရောက်လာကြသူများက ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြပြီး ဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။ **(သတင်းစဉ်)**



**သီရိလမ်း ပါရမီရိပ်သာ ရန်ကင်းမြို့နယ် ရန်ကုန်မြို့နေ ဒေါက်တာနေဝင်း-ဒေါက်တာခင်မကြီး (ခေတ္တ-လန်ဒန်)တို့က ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် အလှူငွေကျပ် ငါးသိန်း ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင် လက်ခံစဉ်။**

(သတင်းစဉ်)

# မရမ်းကုန်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ ရေးသူ၊ ဖတ်သူ စာပေဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၁

မရမ်းကုန်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့က ကျင်းပသော ရေးသူ၊ဖတ်သူ စာပေဆွေးနွေးပွဲ အခမ်းအနားကို ဇူလိုင် ၁၈ရက် နံနက် ၉နာရီက မြို့နယ် ရည်ညွှန်းစာကြည့်တိုက်၌ ကျင်းပရာ အခမ်းအနားမှူးအဖြစ် အတွင်းရေးမှူး မြေလတ်-ထင်ကျော်မိုးက ဆောင်ရွက်ပြီး ဥက္ကဋ္ဌ ဦးခင်ဇော်(မရမ်းကုန်း)က အဖွင့်အမှာစကားပြောကြားသည်။

### ဂုဏ်ပြုလွှာပေးအပ်

အခမ်းအနားတွင် မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ ပညာရေးရန်ပုံငွေနှင့် လူမှုရေးရန်ပုံငွေသို့ စေတနာရှင်များက ငွေလှူဒါန်းကြပြီး စာရေးဆရာကြည်ရွှန်းက ရည်ညွှန်းစာကြည့်တိုက်အတွက် သုတ၊ ရသ စာအုပ်များလှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူကြပြီး ဂုဏ်ပြုလွှာများ ပြန်လည်ပေးအပ်သည်။

### ဆွေးနွေးဖြေကြား

ဆက်လက်၍ စာရေးဆရာမ တင်ရီမ (ညောင်ဦး)နှင့် စာရေးဆရာ ကြည်ရွှန်းတို့က တက်ရောက်လာသော စာပေမိတ်ဆွေ၊ စာဖတ်သူနှင့် စာပေဝါသနာရှင်များ၏ ဆွေးနွေးမေးမြန်းချက်များကို ပြန်လည်ဖြေကြားရှင်းလင်းကြပြီး ဆရာမ ဒေါ်တင်တင်နု(လုံမလေး)နှင့် ကမ္ဘာလှည့် ဒေါ်တင်တင်စိန်တို့က ဂုဏ်ပြုလက်ဆောင်ချီးမြှင့်ကြသည်။ (၁၁၁)



# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေး ဘားအံမြို့နယ် အထက(၂)၌ ပညာပေးဟောပြော

ဘားအံ ဇူလိုင် ၂၁

ကရင်ပြည်နယ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီက ကြီးမှူးကျင်းပသည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြောပွဲကို ဇူလိုင် ၅ရက် နံနက်က ဘားအံမြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း ပတ္တမြားခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝင်းလှ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

### ရှင်းလင်းဟောပြော

ဟောပြောပွဲတွင် ကရင်ပြည်နယ် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးအေးသက် **(အပေါ်ပုံ)** နှင့် ကရင်ပြည်နယ်ယာဉ်ထိန်း ရဲတပ်ဖွဲ့မှ ဒုတိယရဲမှူး ရဲခိုင်တို့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကို ပရိုဂျက်တာဖြင့် ရှင်းလင်းပညာပေး ဟောပြော၍ အဆိုပါကျောင်းအတွက် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ထုတ်ဝေသည့် မော်တော်ဆိုင်ကယ် အန္တရာယ်ဖြစ်မှု လျှော့နည်းကျဆင်းရေး စာအုပ် စာစောင်များကို ဖြန့်ဝေပေးသည်။

**(ပြည်နယ်/ကညန)**

**တာချီလိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က အားကစားရုံလမ်းသွယ်(၂)လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်မာလာဦး ဦးဆောင်၍ ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၅ရက်က အမှုဆောင်အရာရှိ (ဒုတိယညွှန်ကြားရေးမှူး)ဦးကျော်သူ ကွင်းဆင်းကြီးကြပ်စဉ်။** (၀၁၆)



# မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၂-၇-၂၀၁၀ (ကြာသပတေးနေ့)

**နံနက်ပိုင်း**

- ၇:၀၀ ၁။ တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညီမင်း၊ တေးရေး- ဗိုလ်ကလေးတင့်အောင်)
- ၇:၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈:၀၀ ၆။ ပြည်ထောင်စု တိုင်းရင်းသား ရိုးရာအက
- ၈:၁၀ ၇။ အဆိုပြိုင်ပွဲ
- ၈:၂၀ ၈။ အကပဒေသာ
- ၈:၃၀ ၉။ စက်နှင့်စက်ကိရိယာပစ္စည်း စက်ရုံ (မြိုင်)
- ၈:၄၀ ၁၀။ International News
- ၈:၄၅ ၁၁။ တေးဂီတအစီအစဉ်
- ၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၀ ၂။ တေးဂီတအစီအစဉ်
- ၄:၂၅ ၃။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၄:၃၅ ၄။ ပြန်ကြားရေးဝန်ကြီးဌာန နိုင်ငံတော်ဆိုင်းဝိုင်းကြီး ဖျော်ဖြေတင်ဆက်မှုအစီအစဉ်
- ၄:၅၀ ၅။ နိုင်ငံ့စီးပွားအလေးထားကျေးလက်ထုတ်ကုန်များ
- ၅:၀၀ ၆။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (အိမ်တွင်းစီးပွားအထူးပြု) (အိမ်တွင်းစီးပွား)
- ၅:၁၅ ၇။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၅:၂၀ ၈။ တေးဂီတအစီအစဉ်
- ၅:၃၀ ၉။ သဘာဝပတ်ဝန်းကျင်နှင့် ကြွပ်ကြွပ်အိတ်
- ၅:၄၀ ၁၀။ ရောင်စုံရေးသီတေးပန်းချီ
- ၆:၀၀ ၁၁။ ညနေခင်းသတင်း
- ၆:၁၅ ၁၂။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၁၃။ ပျော်ရွှင်စေသော နေ့ရက်များ **အချစ်ကော်ဖီ** (အပိုင်း-၁၅) ငြိမ်းချမ်း၊ နန်းဆုရတီစိုး၊ ယုဇနဗိုလ်မြင့် (ဒါရိုက်တာ-အောင်ကျော်သူရ)
- ၆:၄၀ ၁၄။ ထူးဆန်းထွေလာများကို သိပ္ပံဖြင့် ချဉ်းကပ်ခြင်း
- ၇:၀၀ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **ဆူးလွှမ်းသောချစ်နှင်းဆီ** (ဒုတိယတွဲ) (အပိုင်း-၁၈)
- ၈:၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ ခေတ်အဆက်ဆက် အထိမ်းအမှတ်များ (စတီရီယိုတေးသံရှင်များ၊ တေးရေး-မင်းချစ်သူ)
- ၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်သူ့နယ်နိမိတ်** (ပထမပိုင်း)(အပိုင်း-၅)
- ၂၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်တေးသံသာ** (အပိုင်း-၆၂)
- ၂၂။ အစီအစဉ်ပြီး၏။

# နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

**(သောကြာနေ့-နံနက်+နေ့လယ်+ည)**

၂၃-၇-၂၀၁၀

- ၇:၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ ကြေညာချက်
- ၇:၀၅ တရားတော် **(အင်္ဂုလိမာလသုတ်+ ဗောဇ္ဈင်္ဂသုတ်)** ဓမ္မပူဇာတေးပဒေသာ
- ၇:၃၀ (၃၈)ဖြာမင်္ဂလာ
- ၇:၃၅ နံနက်ခင်းတေးပဒေသာ
- ၈:၀၀ စံတော်ချိန် + သတင်း
- ၈:၁၀ နံနက်ခင်းတေးပဒေသာ
- ၈:၃၀ ပြောပါရစေရှင် (ငွေစောင့်နတ်)
- ၈:၃၅ တေးပဒေသာ
- ၁၀:၀၀ သောတရှင်လိုရာတေး
- ၁၀:၃၀ သတင်းစာအာဘော်
- ၁၀:၄၀ တူယှဉ်သီကြွေး စုံတွဲတေး
- ၁၁:၀၀ နေ့လယ်ခင်းသတင်း
- ၁၁:၁၀ နေ့လယ်ခင်းတေးပဒေသာ
- ၁၁:၃၀ လေလှိုင်းကြားက ပွဲတင်သံ
- ၁၁:၄၅ နေ့လယ်ခင်းတေးပဒေသာ
- ၁၂:၀၀ စံတော်ချိန် ဆိုကြပျော်ရွှင်တေးသံစဉ် (Intermediate Level)
- ၁၂:၁၀ အလုပ်အကိုင်အခွင့်အလမ်း (တပ်မတော်နည်းပညာ တက္ကသိုလ် ဗိုလ်လောင်း)
- ၁၂:၂၀ နေ့လယ်ခင်းတေးပဒေသာ
- ၁၃:၀၀ မွန်းလွဲပိုင်းသတင်း
- ၁၃:၁၀ နေ့လယ်ခင်းတေးပဒေသာ
- ၁၃:၃၀ အစီအစဉ်ပြီး၏။
- ၁၆:၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
- ၁၆:၃၀ စစ်သည်အတွက် တေးလက်ဆောင်
- ၁၇:၀၀ Music Talk တေးပဒေသာ
- ၁၇:၂၅ သတင်းစာဆောင်းပါး
- ၁၇:၃၀ တေးပဒေသာ
- ၁၈:၀၀ ညနေခင်းသတင်း
- ၁၈:၁၀ လူမှုစာနာပြန်ကြားလွှာ
- ၁၈:၄၅ တေးချစ်သူရွေးသီ တေးပန်းချီ နိုင်ငံရေးဦးတည်ချက် တေးပဒေသာ
- ၁၉:၀၀ နိုင်ငံတကာသတင်း
- ၁၉:၁၀ ညချမ်းချိန်ခါ တေးပဒေသာ
- ၁၉:၂၅ ဇာတ်လမ်းပမာနားဆင်စရာ **အနှစ် (၂၀)ကြာပြီးနောက်**
- ၁၉:၄၅ တေးပဒေသာ
- ၂၀:၀၀ ပြည်တွင်းသတင်း
- ၂၀:၁၀ အနုအလှအစုံစုံ သူ့ဘဝအဖုံဖုံ (ညီဂျော်) စီးပွားရေးဦးတည်ချက်
- ၂၀:၄၀ တေးပဒေသာ
- ၂၁:၀၀ ဆောင်းပါး (မိုးရာသီ၌ ကားမောင်းရာတွင် အန္တရာယ်ကင်းစေရန်)
- ၂၁:၀၅ ခံစားနားဆင် မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက် ညချမ်းချိန်ခါတေးပဒေသာ
- ၂၂:၀၀ အစီအစဉ်ပြီး၏။

# အသည်းရောင်အသားဝါ(ဘီ)ပိုးနှင့် (စီ)ပိုး ကာကွယ်ရေးနှိုးဆော်ချက်

အသည်းရောင်အသားဝါရောဂါဖြစ်စေသော ရောဂါပိုးများတွင် အသည်းရောင်အသားဝါ(ဘီ)ပိုးနှင့် (စီ)ပိုးများလည်း ပါဝင်သည်။ (ဘီ)နှင့် (စီ)ဗိုင်းရပ်(စ်) ပိုးများသည် တစ်ဦးနှင့်တစ်ဦးသွေးနှင့် ကိုယ်တွင်းအရည်များမှတစ်ဆင့် ကူးစက်နိုင်သည်။ အသည်းရောင် အသားဝါဖြစ်ရာမှ အသည်းခြောက်ခြင်း၊ အသည်းကင်ဆာဖြစ်ခြင်းကြောင့် သေဆုံးသည်အထိ အန္တရာယ်ရှိသည်။

သို့ဖြစ်၍ အသည်းရောင်အသားဝါ (ဘီ)ပိုးနှင့်(စီ)ပိုး ကူးစက်ပျံ့နှံ့ခြင်းမှ ကာကွယ်ရန်အတွက်-

(က) တစ်ကိုယ်ရေသန့်ရှင်းရေးကို ဂရုစိုက်ပါ။ သွားပွတ်တံစသည်တို့ကို သီးခြားအသုံးမပြုလျှင် ကူးစက်တတ်သည်ကို သတိပြုပါ။

(ခ) လိင်ဆက်ဆံရာမှ ကူးစက်တတ်သည်ကို သတိပြုပါ။

(ဂ) အပ်စိုက်၊ ဆေးထိုး ဆေးသွင်းရာမှ ကူးစက်တတ်သဖြင့် သန့်ရှင်းသော တစ်ခါသုံးအပ်များကိုသာ အသုံးပြုပါ။

(ဃ) သွေးမှတစ်ဆင့် ကူးစက်မှုကို ကာကွယ်ရန်အတွက် သန့်စင်သောသွေးရရှိရန် ဆောင်ရွက်ပါ။

(င) ရောဂါကာကွယ်ကုသရန်အတွက် နီးစပ်ရာကျန်းမာရေးဌာနနှင့် ဆက်သွယ်ဆောင်ရွက်ပါ။

**ကျန်းမာရေးဝန်ကြီးဌာန**

# စိုက်ပျိုးတိုးပွား ရေကြည်မြို့နယ်ထွက် စပါးများ

သတင်းခရီးသည်-သတင်းထောက် ထွန်းဇော်(စမ်းချောင်း)၊ ဓာတ်ပုံမှတ်တမ်း -သတင်းထောက် မြင့်အောင်(အလုံ)၊ စာမျက်နှာဖွဲ့စည်းမှု-ယဉ်ယဉ်အေး(မြန်မာ့အလင်း)

**ပုသိမ် ဇူလိုင် ၂၁**

ဧရာဝတီကား မြန်မာနိုင်ငံ၏ စပါးကျီ။ ဆန်စပါးအများဆုံးထွက်ရှိရာဒေသလည်းဖြစ်သည်။ ကြည့်လိုက်တိုင်း စိမ်းစိုနေသော စပါးစိုက်ခင်းများက မျက်စိတစ်ဆုံး။

ဧရာဝတီတိုင်း ပုသိမ်ခရိုင်အတွင်းရှိ ရေကြည်မြို့နယ်ကား ပြည်တွင်းစားသုံးမှုပြည့်စုံဖူလုံရေးအပြင် ပြည်ပသို့ တင်ပို့ရောင်းချနိုင်ရေးအတွက် ထူးထူးခြားခြား စိုက်ပျိုးအားကောင်းစွာဖြင့် ၁၁၄၂၈၂ ဧကလျာထားစိုက်ပျိုးပြီး တစ်ဧကတင်း ၁၀၀ ကျော် ပန်းတိုင်အထွက်နှုန်းရရှိရေးကို ၂၀၁၀-၂၀၁၁ ခုနှစ် မိုးစပါးရာသီ

> **ယခုနှစ်တွင် ဖွင့်လှစ်လိုက်သည့် ရေကြည်မြို့မ အခြေခံပညာအထက်တန်းကျောင်းခွဲ ကျောင်းဆောင်သစ်ကို တွေ့ရစဉ်။**



တွင် စီမံကိန်းချမှတ်၍ ဆောင်ရွက်မည်ဖြစ်ရာ အားရစရာကောင်းသည်။

**နည်းပညာများ**

ရေကြည်မြို့နယ်တွင် စီမံကိန်းပြည့်မီစွာ ဆောင်ရွက်နိုင်ရေးအတွက် တစ်ဧကအထွက်နှုန်းတိုးတက်ရေးအတွက် ဘက်ပေါင်းစုံမှ ခေတ်မီနည်းဖြင့် ပေါင်းစပ်ဆောင်ရွက်သွားကြမည်ဖြစ်သည်။

ရေမြေဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းသည့် မျိုးကောင်း မျိုးသန့် စပါးမျိုးများနှင့် မျိုးသစ်များကို စိစစ်ရွေးချယ်ပြီး လဲလှယ်၍ စိုက်ပျိုးသွားကြမည်ဖြစ်သည်။

သီးနှံအထွက်တိုးရေးနည်းပညာ၊ သီးနှံပုံစံများချမှတ်၍ ခေတ်မီနည်းပညာများကို တောင်သူလယ်သမားများ သိရှိနားလည်က လိုက်နာကျင့်သုံးစေပြီး သီးနှံစိုက်ခင်းအား ပိုမို တိုးတက်မြင့်မားလာစေရေးကို ဆောင်ရွက်ကြသဖြင့် စနစ်တကျစိုက်ပျိုးမှုရှိသည်ကို တွေ့ရသည်။

**ရေမြေသဘာဝ**

ရေကြည်မြို့နယ်အတွင်း ၂၀၁၀-၂၀၁၁ ခုနှစ်အတွက် မိုးစပါးသီးနှံကို ရေမြေသဘာဝအလိုက် စိုက်ပျိုးရာတွင် ရေတော်မိုးတော် စိုက်ဧက ၆၁၃၂၄ဧက၊ ရေကြီးကွင်းစိုက်ဧက ၄၈၃၃၆ဧက၊ ရေနက်ကွင်းစိုက်ဧက ၃၈၀၃ဧက၊သဲဆန်သည့် ကုန်းကြောစိုက်ဧက ၇၁၉ ဧကနှင့် တစ်မိုးနှစ်သီးစိုက်ဧက ၁၀၀တို့ဖြစ်ရာ စုစုပေါင်း



> **ရေကြည်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစံလှိုင်က ဆောင်ရွက်ထားရှိမှုကို ရှင်းပြစဉ်။**

စိုက်ဧက ၁၁၄၂၈၂ဧက ဖြစ်ပြီး ရာခိုင်နှုန်းအားဖြင့် ၁၀၀ရာခိုင်နှုန်းဖြစ်မည်ဖြစ်သည်။ အားရစရာကောင်းသည့် အနေအထားပင်ဖြစ်သည်။

မိုးစပါးတစ်ဧက အထွက်နှုန်းကို ယမန်နှစ်ကထက် ၁ ဒသမ ၅၅တင်း ပိုမိုထွက်ရှိနိုင်ရေးအတွက် မိုးစပါးတစ်ဧကတင်း ၁၀၀ အထက် ပန်းတိုင်အထွက်နှုန်း သတ်မှတ်ဧရိယာများကို ရွေးချယ်၍ ပန်းတိုင် အထွက်နှုန်းတိုးစေမည့် နည်းပညာများ ပြောင်းလဲကျင့်သုံးမည်ဖြစ်သည်။ စပါးမျိုးသစ်များ ပြောင်းလဲစိုက်ပျိုးစေပြီး သွင်းအားစုများ စနစ်တကျ ထည့်သွင်းသုံးစွဲခြင်းအားဖြင့် တစ်ဧကအထွက်နှုန်း တိုးတက်မြင့်မားစေရန် ကျေးရွာအုပ်စုပေါင်း ၆၄ အုပ်စုတွင် စိုက်ပျိုးတောင်သူပေါင်း ၇၁၅၅ တို့က ဧက ၄၅၀၀၀တွင် စိုက်ပျိုးသွားမည်ဖြစ်သည်။

**စိုက်ပျိုးခဲ့**

ရေကြည်မြို့နယ်အတွင်း လက်ရှိစိုက်ပျိုးလျက်ရှိသော စပါးမျိုးများမှာ နှစ်ရှည်ကြာပြီဖြစ်၍ ပိုးမွှားရောဂါဒဏ်ခံနိုင်ရည်မရှိခြင်း၊ အထွက်နှုန်းကျဆင်းခြင်းများကြောင့် ခံနိုင်ရည်ရှိပြီး အထွက်နှုန်းမြင့်မားသည့် မျိုးသစ်များဖြင့် မျိုးပြောင်းလဲ စိုက်ပျိုးတိုးမြှင့်မည်ဖြစ်သည်။ ယခင်နှစ်က ဆင်းသုခစိုက်ဧက ၅၅၆၁ဧက၊ ဆင်းနွယ်ရင်စိုက်ဧက ၁၅၀၊ ရေဆင်းလုံးသွယ် စိုက်ဧက ၃၉၀၄ဧက၊ ရွှေမြန်မာစိုက်ဧက ၁၀၀၅ဧက စမ်းသပ်စိုက်ပျိုးခဲ့ပြီး ယခုနှစ်တွင် ဆင်းသုခစိုက်ဧက ၁၅၀၀၀၊ ဆင်းနွယ်ရင်စိုက်ဧက ၂၅၀၊ ရေဆင်းလုံးသွယ် စိုက်ဧက ၅၀၀၀၊ ရွှေမြန်မာစိုက်ဧက ၁၀၀၅ဧက၊ ထိုင်းရေနက်ဧက ၂၀၀၀ တို့ကို တိုးချဲ့စိုက်ပျိုးနိုင်ခဲ့သည်။

**ပံ့ပိုးပေး**

ထိုသို့ တိုးမြှင့်စိုက်ပျိုးခြင်းတို့ကြောင့် ရေကြည်မြို့နယ်၏ မိုးစပါးစိုက်ပျိုးထုတ်လုပ်ရေး စီမံကိန်းသည် ဒေသခံတောင်သူများ၏ ကြိုးစားမှု၊ တာဝန်ရှိသူများ၏ ပံ့ပိုးပေးမှုများကြောင့် ထုတ်လုပ်မှု အပြည့်အဝရရှိနိုင်ကာ အောင်မြင်မှုများ တိုးပွားနိုင်မည်ဟု မျှော်လင့်မိပါကြောင်း ရေးသားဂုဏ်ပြုလိုက်ရပါသည်။ ။

> **အထွက်တိုး မိုးစပါးစိုက်ကွင်း အောင်မြင်ဖြစ်ထွန်းနေမှု အလှ။**



## ရန်ကုန်တိုင်းမ်ဂျာနယ် ထွက်ရှိ

*ရန်ကုန် ဇူလိုင် ၂၁*

*ယခုအပတ်ထုတ် ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ(၆)၊ အမှတ်(၂၈)တွင် Political Times အချပ်ပိုအပါအဝင် ၂၀၁၀ အလွန်အတွက် မျှော်မှန်း မြန်မာ့စီးပွားရေးအသွင် ကူးပြောင်းမှုခြေလှမ်း မျက်နှာဖုံးစီးပွားရေးသုံးသပ်ဆောင်းပါး၊ ပြည်တွင်းနိုင်ငံရေးသတင်းများ ဝေဝေဆာဆာဖြင့် ရန်ကုန်တိုင်းမ်ဂျာနယ် ထွက်ရှိလာသည်။*

*ယင်းအပြင် ဆရာမောင်စူးစမ်းရေးသားသည့် **ဖွခြင်းနှင့်ဝိရောဓိတစ်ပါး**၊ ဆရာမောင်ဝံသရေးသားသည့် **လူငယ်တွေ နိုင်ငံရေးလုပ်သင့်တဲ့အချိန်**၊ ဆရာမောင်သာနုရေးသားသည့် **နိုင်ငံရေးသည် ပကတိသဘောကို ပစ်ပယ်၍မရ၊ ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီမှ ဥက္ကဋ္ဌဒေါက်တာအေးမောင်နှင့် တွေ့ဆုံခြင်း** စသည့်နိုင်ငံရေးသုံးသပ်ဆောင်းပါးများ၊ **ဗိုလ်မှူးချုပ်အောသယ်လ်(ငြိမ်း)နှင့်တွေ့ဆုံခြင်း၊** ရှေ့ဝပင်းစင်တာပါဗီယက်နမ်စီးပွားရေးစင်တာ မြန်မာနိုင်ငံတွင် တည်ထောင်မည်၊ ရန်ကုန်ရှိ ဈေးကြီးအချို့ ကြွက်နှိမ်နင်းရေး ယခင်ထက်ပိုမိုကြပ်မတ်ဆောင်ရွက်လာ၊ ကုန်စည်ဒိုင် ၂၈ ခု မြန်မာနိုင်ငံအနှံ့ထပ်မံတည်ထောင်မည်၊ တော်လည်းသံနှင့်အတူ မန္တလေးတွင် လျှောင်လှုပ်ခဲ့၊ လမ်းဘေးပျံ့ကျဈေးသည်များကို မြို့နယ်အလိုက် ကြပ်မတ်ဆောင်ရွက်ပြီ၊ စာပေနှင့်စာနယ်ဇင်းအသိုင်းအဝိုင်း ကျန်းမာရေးစောင့်ရှောက်မှုအခမဲ့ဆေးခန်းဖွင့်မည်၊ ဘတ်စ်ကားပေါ်တွင် ခါးပိုက်နှိုက်က ဓားဖြင့်ထိုးသူများကိုဖမ်းမိပြီ၊ အိမ်ခြံမြေအရောင်းနှင့် အငှားများ ယခင်နှစ်ထက် သိသိသာသာတက်၊ ရှီလာထောင်စုနှစ်ပန်းခြံနှင့် ရှည်လျားသော ခရီးတစ်ခု၏နိဂုံး ကိုရီးယား ခရီးသွားဆောင်းပါး၊ သူနဲ့ ပတ်သက်ပြီး စိတ်ချမ်းသာရလို့ ပြည့်စုံတယ်လို့ ခံစားရပါတယ် သံသာဝင်းနှင့်တွေ့ဆုံခြင်းစသည့် ဖျော်ဖြေရေးကဏ္ဍအပါအဝင် သတင်းစုံလင်စွာဖြင့် ထွက်ရှိလာပြီဖြစ်သည်။*

*စွမ်းအင်ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများတွင် အိန္ဒိယထက် တရုတ် အသာစီးရနေ၊ ပြုပြင်ပြောင်းလဲမှုများဖြင့် အာရှ၏ ဖွံ့ဖြိုးတိုးတက်မှုကို ဆက်လက်မောင်းနှင်ရန်လိုအပ်၊ စင်ကာပူတွင် အမြဲတမ်း နေထိုင်ခွင့် အောက်ခြေလူတန်းစားများ ပိုမိုရရှိလာ၊ ပေကျင်းတွင် မူကြိုကလေးများအား အင်္ဂလိပ်စာသင်မည့်သူများ အင်္ဂလိပ်ဝါကျ တစ်ထောင်တတ်မြောက်ရန်လို၊ သက်ကြီးပိုင်းများ လိင်ဆက်ဆံရာတွင် သတိထား၊ အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးဆွေးနွေးပွဲကို ထိထိရောက်ရောက် ဆောင်ရွက်ပေးမည်ဟု အစ္စရေး ဝန်ကြီးချုပ် ကတိပြု၊ စင်ကာပူစီးပွားရေး အပူရှိန်လွန်ကဲမှုဖြစ်ဖွယ်ရာ အကြောင်းမရှိဟု ပညာရှင်တို့ဆို၊ ရောမခေတ်ဒင်္ဂါးပြား ၅၂၅၀၀ပါ မြေအိုးကြီး လယ်ကွင်းထဲကတွေ့၊ အငိုတိတ်ရန် ပြင်းထန်စွာ လှုပ်ယမ်းရာမှ ကလေးငယ်သေဆုံးသဖြင့် ဖခင်ဖြစ်သူ ထောင်ကျ၊ မှုခင်းရေးရာကဏ္ဍ၊ နိုင်ငံတကာဖျော်ဖြေရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ နည်းပညာကဏ္ဍများ စုံလင်စွာပါရှိသည်။* ***(သတင်းစဉ်)***

## တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ တက်ရောက်

**နေပြည်တော် ဇူလိုင် ၂၁**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၏ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ဇူလိုင် ၁၆ရက် နံနက်ပိုင်းက အောင်မြေသာစံမြို့နယ်၌ကျင်းပရာ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးဖုန်းဇော်ဟန်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

**ကြည့်ရှုအားပေး**

ရှေးဦးစွာ တိုင်းမှူးနှင့် မြို့တော်ဝန်တို့သည် သစ်ပင်များစိုက်ပျိုးပေးကြပြီး စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုတို့ကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် တိုင်းမှူး၊ မြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့ အားကစားကွင်း၌ ကျင်းပသော မြို့နယ်ပေါင်းစုံ အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားသို့ တက်ရောက်၍ ပြိုင်ပွဲဝင်အသင်းများ၏ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ဆုပေးပွဲကိုကျင်းပရာ တိုင်းမှူး၊ မြို့တော်ဝန်နှင့် တာဝန်ရှိသူများက ဆုရရှိကြသူများအား ဆုများပေးအပ်ချီးမြှင့်ကြသည်။ **(သတင်းစဉ်)**



## အကောက်ခွန်ဦးစီးဌာန ပညာသင်စရိတ်နှင့် ပညာရည်ထူးချွန်ဆုချီးမြှင့်

**ရန်ကုန် ဇူလိုင် ၂၁**

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ပညာသင်စရိတ်နှင့် ပညာရည်ထူးချွန်ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဇူလိုင် ၁၆ရက် နံနက် ၉နာရီခွဲက ရန်ကုန်မြို့ရှိ အကောက်ခွန် သင်တန်းကျောင်းခန်းမ၌ ကျင်းပရာ အကောက်ခွန်ဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးစံသောင်းနှင့် အရာထမ်း၊ အမှုထမ်းများနှင့် မိသားစုများ တက်ရောက်ကြသည်။

**ပေးအပ်**

အခမ်းအနားတွင် ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ပညာရည်ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများအား ပညာသင်စရိတ် ထောက်ပံ့ငွေများ ပေးအပ်ကြကြောင်း သတင်းရရှိသည်။

**(အပေါ်ပုံ) (သတင်းစဉ်)**

## မြေထိန်းနံရံ တည်ဆောက်

**ဖလမ်း ဇူလိုင် ၂၁**

ချင်းပြည်နယ် စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးမင်းဇော်နှင့်အဖွဲ့သည် ဇူလိုင် ၁၄ရက် ညနေက ဖလမ်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော အထက(၁)ကျောင်း လမ်းမြေထိန်း နံရံတည်ဆောက်ခြင်းလုပ်ငန်းအတွက် ကျောက်များစုဆောင်းထားရှိမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။ **(ခရိုင် ပြန်/ဆက်)**



## ရေမြောင်းများ ရှင်းလင်း

မကွေးခရိုင် နတ်မောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးပတ်လည်ရှိ ရေမြောင်းများရှင်းလင်းခြင်းကို ဇူလိုင် ၁၁ရက်က အမှုဆောင်အရာရှိ ဦးဝင်းနိုင် ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)





ပြည်ထောင်စုတစ်ဝန်း ပြန်ကြည့်လိုက်လျှင်
ကန့်သတ်ချက်များအရ တောင်-မြောက် သွယ်
အများစု တည်ရှိခဲ့သော်လည်း ယခုအခါ ရိုးမတော
ဖောက်လုပ်ထားသည့် အရှေ့-အနောက် ရထားလ
များ အသစ်ဖောက်လုပ်ခဲ့ခြင်းနှင့်အတူ တံတားကြီ
တည်ဆောက်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ဆက်လက်၍
တံတားများကိုလည်း တည်ဆောက်ပေးနေဆဲဖြစ်
ယခုအခါ ဤတံတားများကို အသုံးပြုပြီး မြန်
မြို့မှ တောင်ဘက်ဖျား ကော့သောင်းအထိလည်းေ
မြို့များမှ အနောက်ဖျား စစ်တွေမြို့အထိလည်းေ
နယ်မြေဒေသအားလုံး အရှေ့၊ အနောက်၊ တောင်၊
ဝဲ၊ ယာ အရပ်လေးမျက်နှာကို အလွယ်တကူ
ဖြစ်ကြောင်း။

## အကောင်အထည်ဖော်

လေကြောင်းဆက်သွယ်ရေးကဏ္ဍတွင်လည်
တည်ဆောက်ခြင်း၊ မူလရှိပြီး လေယာဉ်ကွင်းများ
များ ဆောင်ရွက်ပေးခဲ့သည့်အတွက် ယခုအခါ 
နှစ်ခုအပါအဝင် လေယာဉ်ကွင်းပေါင်း ၇၀ ရှိလာ

*** ရှေ့ဖုံးမှ**

ဖွင့်ပွဲအခမ်းအနားသို့ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဦးဌေးဦး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်၊ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဦးတင်ထွတ်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းညွန့်၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မင်း၊ သစ်တောရေးရာဝန်ကြီးဌာနဝန်ကြီး ဦးသိန်းအောင်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာ့မီးရထားမှ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်က အဖွင့်အမှာစကားပြောကြားရာ၌ ယနေ့အခမ်းအနားမှာ ဟသ်ာတ-ဓနုဖြူ-စကြော့(ညောင်တုန်း)

## အမှာစကားပြောကြား

**နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ဟသ်ာတ-ဇလွန် ရထားလမ်းပိုင်း ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

ဖွံ့ဖြိုးတိုးတက်စေရမည်၊ ပြည်ထောင်စုနယ်မြေဒေသအားလုံး တစ်ဆက်တစ်စပ်တည်း ဖွံ့ဖြိုးတိုးတက်စေရမည်ဆိုသည့် ခိုင်မာသော ခံယူချက်များနှင့် အရှိန်အဟုန်မြင့်မြင့်ဖြင့် မျက်ခြည်မပြတ် ဖော်ဆောင်ပေးနေခြင်းပင်ဖြစ်ကြောင်း။

## တက်ညီလက်ညီ

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေကလည်း "နိုင်ငံတော်အတွက် ရေရှည်အကျိုးဖြစ်ထွန်းရေး၊ တိုင်းရင်းသား ချစ်ကြည်ရင်းနှီးမှု တိုးပွားခိုင်မာစေရေးတို့အတွက် အခြေခံအဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းများကို ယနေ့ထက် မနက်ဖြန်တွင် ပိုမိုတိုးတက်စေရအောင် မှန်ကန်သော



**ဟသ်ာတ-ဇလွန် ရထားလမ်းပိုင်း ဖွင့်ပွဲတွင် အထူးရထားဖြင့် ဒေသခံပြည်သူများ လိုက်ပါစီးနင်းကြစဉ်။** (သတင်းစဉ်)

ရထားလမ်း ၄၈မိုင် ဖောက်လုပ်ရေးစီမံကိန်းမှ အရှည်မိုင် ၁၆ ဒသမ ၂၅မိုင်ရှိသည့် ဟသ်ာတ-ဇလွန်ရထားလမ်းပိုင်းကို ဖွင့်လှစ်လိုက်သော အခမ်းအနားပင်ဖြစ်ကြောင်း၊ ယခုရထားလမ်းသည် ပုသိမ်(ဘဲဂရက်)-ညောင်တုန်း-ရန်ကုန်(လှိုင်သာယာ) ရထားလမ်းနှင့် ဧရာဝတီတံတား(ညောင်တုန်း)အနီး၌ ဆက်စပ်ပေါင်းဆုံပြီး ယင်းတံတားမှတစ်ဆင့် ရထားလမ်းဖြင့် ရန်ကုန်ကို ခရီးဆက်သွားနိုင်မည်ဖြစ်ကြောင်း၊ ဤရထားလမ်းများ ဖောက်လုပ်ပြီးစီးသွားချိန်တွင် ဧရာဝတီတိုင်း၏ အဓိကထွက်ကုန်တွေဖြစ်သော ဆန်စပါး၊ ပဲအမျိုးမျိုး စသည့် လယ်ယာထွက်ကုန်များနှင့် ရေထွက်ကုန်ပစ္စည်းများသည် ရထားဖြင့် ကုန်ကျစရိတ်သက်သာစွာ ပို့ဆောင်ပေးနိုင်တော့မည်ဖြစ်ကြောင်း။

## မျက်ခြည်မပြတ်

နယ်မြေဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်ရေး အခြေခံအဆောက်အအုံများသည် အထူးအရေးပါသော အခန်းကဏ္ဍတွင်ရှိနေ၍ နိုင်ငံ့တာဝန်ကို စတင်ရယူထမ်းဆောင်ချိန်မှစ၍ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ထောင်စုတစ်ဝန်း နယ်မြေဒေသတစ်ခုနှင့်တစ်ခု အကန့်အသတ်မရှိ ဆက်သွယ်သွားလာနိုင်ရေးအတွက် လမ်းပန်းဆက်သွယ်ရေး အခြေခံကွန်ရက်များကို တည်ဆောက်ပေးနေခြင်းဖြစ်ကြောင်း၊ လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်လာသည်နှင့်အမျှ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖွံ့ဖြိုးတိုးတက်မှုသည် တစ်ဆက်တစ်စပ်တည်း ဖြစ်ထွန်းလာပြီး တိုင်းရင်းသားလူမျိုးများအားလုံးသည်လည်း တပေါင်းတစည်းတည်း ဖြစ်လာမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုတစ်ဝန်း အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်ဆောင်ရွက်ရာတွင်လည်း ယနေ့ထက် မနက်ဖြန် ပိုမိုတိုးတက်လာရမည်၊ မျိုးဆက်တစ်ဆက်မှ တစ်ဆက်သို့ သားစဉ်မြေးဆက်

နည်းလမ်းများဖြင့် တက်ညီလက်ညီ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြဖို့" လမ်းညွှန်မှာကြားခဲ့ကြောင်း။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ မိမိတို့ အစိုးရအဖွဲ့အနေဖြင့် နိုင်ငံတော်၏ မြေမျက်နှာသွင်ပြင် အနေအထားအရ ရေမြေခြားနားနေမှုကို တစ်ဆက်တစ်စပ်တည်းဖြစ်အောင်၊ ပြည်ထောင်စုအတွင်း နယ်စပ်ဒေသများပါမကျန် လမ်း၊ တံတားများအပါအဝင် လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများကို မဟာဗျူဟာကျကျ အကွက်ချ၍ ဘဏ္ဍာငွေအမြောက်အမြား အကုန်



အကျခံကာ ကိုယ့်ခွန်ကိုယ့်အားဖြင့် တည်ဆောက်ပေးလျက်ရှိရာ ၁၉၈၈ခုနှစ်မတိုင်မီက ရထားလမ်းခရီးမိုင်ပေါင်း ၁၉၇၆မိုင်၊ ဘူတာရုံပေါင်း ၄၈၇ရုံသာရှိခဲ့ရာမှ ယခုအခါ မီးရထားလမ်းမိုင် ၃၄၇၁မိုင်နှင့် ဘူတာရုံပေါင်း ၈၈၄ရုံ တိုးတက်တည်ဆောက်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ ထို့အပြင် စက်ခေါင်း၊ ရထားတွဲနှင့် ကုန်စည်တွဲများကို တိုးချဲ့တည်ဆောက်ခြင်း၊ အရည်အသွေးမြှင့်တင်ခြင်းအပြင် ကွန်ကရစ် ဇလီဖားတုံးစက်ရုံများကိုလည်း ဆောက်လုပ်ခဲ့ကြောင်း။

မီးရထားလမ်းများ တိုးချဲ့ဖောက်လုပ်နေသည့် တစ်ချိန်တည်းတွင် မော်တော်ကားလမ်းများကိုလည်း တိုးချဲ့ဖောက်လုပ်လျက်ရှိရာ ကျေးရွာချင်းဆက်လမ်းများ၊ မြို့ချင်းဆက်လမ်းများ၊ ခရိုင်ချင်းဆက်လမ်းများ၊ ဒေသတစ်ခုနှင့်တစ်ခု ဆက်သွယ်သွားလာနိုင်ရန် ပြည်နယ်နှင့်တိုင်း ဆက်သွယ်သွားလာနိုင်သော လမ်းများနှင့် ပြည်ထောင်စုလမ်းမကြီးများ၊ လမ်းကွန်ရက်များ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့်အပြင် နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်စပ်ဒေသလမ်းများကိုပါ အရှိန်အဟုန်ဖြင့် ဖောက်လုပ်ပေးခဲ့ကြောင်း။

## တည်ဆောက်ပေးခဲ့

ယခင်က ကတ္တရာလမ်း၊ ကျောက်ခင်းလမ်း၊ မြေသားလမ်း စုစုပေါင်းလမ်းမိုင် နှစ်သောင်းကျော်သာရှိခဲ့ရာမှ ယခုအခါ စုစုပေါင်းလမ်းမိုင် ခုနစ်သောင်းကျော်အထိ တိုးတက်လာခဲ့ပြီဖြစ်ကြောင်း။ ၁၉၈၈ခုနှစ်မတိုင်မီက



## ရထား စတင်ပြေးဆွဲ

**ဟသ်ာတ-ဇလွန် ရထားလမ်းပိုင်းတွင် ရထားစတင်ပြေးဆွဲစဉ်။** (သတင်းစဉ်)





ပြည်ထောင်စုတစ်ဝန်း ပြန်ကြည့်လိုက်လျှင် သဘာဝပထဝီအနေအထား ကန့်သတ်ချက်များအရ တောင်-မြောက် သွယ်တန်းနေသော လမ်းများသာ အများစု တည်ရှိခဲ့သော်လည်း ယခုအခါ ရိုးမတောင်တန်းကြီးများကို ဖြတ်ကျော်ဖောက်လုပ်ထားသည့် အရှေ့-အနောက် ရထားလမ်းများ၊ မော်တော်ကားလမ်းများ အသစ်ဖောက်လုပ်ခဲ့ခြင်းနှင့်အတူ တံတားကြီးငယ်ပေါင်း များစွာကိုလည်း တည်ဆောက်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ဆက်လက်၍လည်း မြစ်ကူး၊ ချောင်းကူး တံတားများကိုလည်း တည်ဆောက်ပေးနေဆဲဖြစ်ကြောင်း။

ယခုအခါ ဤတံတားများကို အသုံးပြုပြီး မြန်မာနိုင်ငံမြောက်ဖျား ပူတာအိုမြို့မှ တောင်ဘက်ဖျား ကော့သောင်းအထိလည်းကောင်း၊ မြန်မာနိုင်ငံ အရှေ့ဖျားမြို့များမှ အနောက်ဖျား စစ်တွေမြို့အထိလည်းကောင်း ပြည်ထောင်စုတစ်ဝန်း နယ်မြေဒေသအားလုံး အရှေ့၊ အနောက်၊ တောင်၊ မြောက်၊ အထက်၊ အောက်၊ ဝဲ၊ ယာ အရပ်လေးမျက်နှာကို အလွယ်တကူ ဆက်သွယ်သွားလာနေကြပြီဖြစ်ကြောင်း။

## အကောင်အထည်ဖော်

လေကြောင်းဆက်သွယ်ရေးကဏ္ဍတွင်လည်း လေယာဉ်ကွင်းသစ်များ တည်ဆောက်ခြင်း၊ မူလရှိပြီး လေယာဉ်ကွင်းများကို အဆင့်မြှင့်တင်တိုးချဲ့ခြင်းများ ဆောင်ရွက်ပေးခဲ့သည့်အတွက် ယခုအခါ အပြည်ပြည်ဆိုင်ရာ လေဆိပ်နှစ်ခုအပါအဝင် လေယာဉ်ကွင်းပေါင်း ၇၀ ရှိလာခဲ့ပြီဖြစ်ကြောင်း၊ ရေကြောင်းပို့ဆောင်ရေးကဏ္ဍအနေဖြင့် ပြည်တွင်းရေကြောင်းဆိပ်ကမ်းများကို အဆင့်မြှင့်တင် တည်ဆောက်ပေးခဲ့သကဲ့သို့ နိုင်ငံတကာအဆင့်မီ ခေတ်မီ ရေနက်ဆိပ်ကမ်းများကိုလည်း စီမံကိန်းအဆင့်ဆင့်ချမှတ်ကာ အကောင်အထည်ဖော် ဆောင်ရွက်နေပြီ ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များနှင့်အညီ လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုကြောင့် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျကျန်နေခဲ့ရသော နေရာဒေသရှိ ဒေသခံပြည်သူများအပါအဝင် တိုင်းရင်းသားပြည်သူအားလုံး သွားရေး လာရေး လွယ်ကူစေပြီး ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးအခြေခံများ တိုးတက်လာစေရန်ဆိုသည့် စိတ်ရင်းစေတနာမှန်ဖြင့် တည်ဆောက်ပေးခဲ့ခြင်းပင် ဖြစ်ကြောင်း။

## ကျော်လွှား

ထို့အပြင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို နိုင်ငံတကာနှင့် တန်းတူရည်တူ ဖွံ့ဖြိုးတိုးတက်စေရအောင် ပြည်တွင်း ပြည်ပ အနှောင့်အယှက်၊ အဟန့်အတားအမျိုးမျိုးကို ကျော်လွှားပြီး နိုင်ငံတော်အစိုးရ၊ ပြည်သူ၊ တပ်မတော်တို့၏ စည်းလုံးညီညွတ်မှုစွမ်းအားဖြင့် ယခုကဲ့သို့ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ခြင်းပင်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံတော်၏ စစ်မှန်သောအင်အားသည် မိမိတို့နိုင်ငံအတွင်းမှာပင်ရှိကြောင်း၊ ကိုယ့်ခြေထောက်ပေါ်ကိုယ် ခိုင်ခိုင်မာမာ ရပ်တည်ပြီး အမှီအခိုကင်းသော နိုင်ငံဖြစ်အောင်၊ နိုင်ငံတကာနှင့် ရင်ပေါင်တန်းပြီး သိက္ခာရှိရှိ ရပ်တည်နိုင်အောင် မိမိတို့အားလုံး ကြိုးစားကြရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးကို မိမိတို့ မြန်မာပြည်သူများကသာ အလိုလားဆုံးဖြစ်ကြောင်း၊ တရားဥပဒေစိုးမိုးပြီး အေးချမ်းသာယာသည့် မြန်မာ့လူ့အဖွဲ့အစည်းတွင် တိုင်းရင်းသားပြည်သူအားလုံး၏ လူမှုစီးပွားဘဝများလည်း စဉ်တိုက်ဆက်တိုက် ဖွံ့ဖြိုးတိုးတက်ပြီး သားစဉ်မြေးဆက် တစ်ဆင့်ပြီးတစ်ဆင့် တိုးတက်မြင့်မားနေအောင် မိမိတို့ ဆတက်ထမ်းပိုး ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ယခု မိမိတို့အားလုံး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်နေမှု မှန်သမျှသည် နောင်လာနောက်သား မျိုးဆက်သစ်လူငယ်များအတွက် အခြေခံအုတ်မြစ်များဖြစ်ကြောင်း၊ ယင်း အခြေခံအုတ်မြစ်များကို လက်ဆင့်ကမ်း သယ်ဆောင်ကာ အကျိုးရှိရှိ ရယူအသုံးချပြီး စဉ်ဆက်မပြတ် ကြိုးပမ်းတည်ဆောက်သွားကြရမည်ဖြစ်ကြောင်း။

## သာလွန်တိုးတက်

မိမိတို့၏ သားသမီးများလက်ထက်တွင် မိမိတို့ လက်ထက်ကထက် ပိုပြီး ဖွံ့ဖြိုးတိုးတက်ရမည်ဖြစ်ကြောင်း၊ မိမိတို့၏ မြေးမြစ်များလက်ထက်တွင် မိမိတို့ သားသမီးများလက်ထက်ကထက် ပိုပြီး သာလွန်မြင့်မားစွာ ဖွံ့ဖြိုးတိုးတက်နေရမည်၊ မျိုးဆက် တစ်ဆက်ပြီးတစ်ဆက် ဖွံ့ဖြိုးတိုးတက်မှု အဆင့်အတန်းများ သာလွန်တိုးတက်အောင် ကြိုးစားကြရမည် ဖြစ်ကြောင်း။

မိမိတို့နိုင်ငံသည် သဘာဝအရင်းအမြစ် အလျှံအပယ် ပေါကြွယ်ဝသည့် နိုင်ငံဖြစ်သဖြင့် ကြွယ်ဝလှသော အရင်းအမြစ်များကို မိမိတို့၏ ပေါင်းစည်းညီညွတ်သည့်အား၊ မိမိတို့၏ စွမ်းရည်များနှင့်ပေါင်းစပ်ပြီး မိမိတို့နိုင်ငံ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့ နိုင်ငံသားတိုင်း အလုပ်ကို အားသွန်ခွန်စိုက် ကြိုးပမ်းလုပ်ကိုင်ကြရန် လိုအပ်ကြောင်း။

ဤရထားလမ်းသည် နိုင်ငံတော်အစိုးရ၏ မွန်မြတ်သည့် စေတနာ၊ မှန်ကန်သည့် ရပ်တည်ချက်တို့မှ ပေါက်ဖွားလာသော အကျိုးရလဒ်ကောင်းအဖြစ် ခံယူပြီး မိမိတို့၏ လူမှုစီးပွားဘဝ သာယာဝပြော တိုးတက်မြင့်မားလာအောင် အလုပ်ကို ကြိုးစားလုပ်ကိုင်ရန်၊ ဤရထားလမ်းကြီး သားစဉ်မြေးဆက်တိုင် အသုံးချနိုင်အောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားသည်။ ***စာမျက်နှာ ၁၀ ကော်လံ ၁ သို့***





## စက်ခလုတ်နှိပ် ဖွင့်လှစ်

**နိုင်ငံတော် ဝန်ကြီးချုပ် ဦးသိန်းစိန် ဟသ်ာတ-ဇလွန် ရထားလမ်းပိုင်းဖွင့်ပွဲ အထိမ်းအမှတ် ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။** (သတင်းစဉ်)



**နိုင်ငံတော် ဝန်ကြီးချုပ် ဦးသိန်းစိန် ဇလွန်ဘူတာ၌ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။** (သတင်းစဉ်)



**ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကျော်ဆွေ ဟသ်ာတ - ဇလွန် ရထားလမ်းပိုင်း ဖွင့်ပွဲ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။** (သတင်းစဉ်)

## ရှင်းလင်းတင်ပြ



**ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မင်း ဟသ်ာတ-ဇလွန် ရထားလမ်းပိုင်း ဖောက်လုပ်ရေးစီမံကိန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။** (သတင်းစဉ်)





**ပြည်ထောင်စုအတွင်း နယ်စပ်ဒေသများပါမကျန် လမ်း၊ တံတားများအပါအဝင် လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများကို မဟာဗျူဟာကျကျ အကွက်ချ၍ ဘဏ္ဍာငွေအမြောက်အမြား အကုန်အကျခံကာ ကိုယ့်ခွန်ကိုယ့်အားဖြင့် တည်ဆောက်ပေးလျက်ရှိရာ ၁၉၈၈ခုနှစ်မတိုင်မီက ရထားလမ်းခရီးမိုင်ပေါင်း ၁၉၇၆မိုင်၊ ဘူတာရုံပေါင်း ၄၈၇ရုံသာရှိခဲ့ရာမှ ယခုအခါ မီးရထားလမ်းမိုင် ၃၄၇၁မိုင်နှင့် ဘူတာရုံပေါင်း ၈၉၄ရုံ တိုးတက်တည်ဆောက်နိုင်ခဲ့။**





**နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ရေဝတီတံတား (ညောင်တုန်း) တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

*စာမျက်နှာ ၉မှ*

ထို့နောက် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေက အမှာစကားပြောကြားရာ၌ နိုင်ငံတော်တစ်ဝန်းတွင် လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိရာ ဧရာဝတီတိုင်း နယ်မြေအတွင်း ကားလမ်းအဖြစ် ပုသိမ်-မုံရွာကားလမ်းမကြီးနှင့် ရထားလမ်းများကို ဖောက်လုပ်ပေးခဲ့ပြီးဖြစ်ကြောင်း။

## ပူးပေါင်းဆောင်ရွက်

နိုင်ငံတော်၏ စေတနာထားဆောင်ရွက်မှုများအပေါ် ဧရာဝတီတိုင်းအတွင်းရှိ ဒေသခံပြည်သူများကလည်း မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မဆုတ်မနစ်သော ဇွဲ၊ လုံ့လတို့ဖြင့် တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မင်္ဂလာမုခ်ဦးရှေ့သို့ သွားရောက်နေရာယူကြပြီး တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေ၊ ဝန်ကြီး ဦးဌေးဦး၊ ဝန်ကြီး ဦးတင်ထွတ်၊ ဝန်ကြီး ဦးသိန်းညွန့်၊ ဝန်ကြီး ဦးအောင်မင်းနှင့် ဝန်ကြီး ဦးသိန်းအောင်တို့က ဟင်္သာတ-ဇလွန် ရထားလမ်းပိုင်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသူများနှင့်အတူ ဖွင့်ပွဲအခမ်းအနား အထိမ်းအမှတ်အဖြစ် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် ဟင်္သာတ-ဇလွန် ရထားလမ်းပိုင်း ဖွင့်ပွဲအထိမ်းအမှတ် ကမ္ပည်းမော်ကွန်း ကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်ပက်ဖျန်းပေးသည်။

ဆက်လက်၍ တိုင်းမှူးနှင့် ဝန်ကြီးများက ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

## အခမဲ့ပြေးဆွဲ

မြန်မာ့မီးရထားက ဟင်္သာတ-ဇလွန် ရထားလမ်းပိုင်း ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ယနေ့ဖွင့်ပွဲအခမ်းအနားနေ့မှစ၍ သုံးရက်တိုင်တိုင် အခမဲ့ပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြရာ ဧရာဝတီတိုင်း ညောင်တုန်းမြို့နယ်ရှိ ဧရာဝတီတံတား (ညောင်တုန်း) တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ပိုင်ရိုက်စက်ခုနစ်ခုဖြင့် ဘိုးပိုင်လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် စီမံကိန်းလုပ်ငန်းခွင်အတွင်း လုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။





**ရင်းရင်းနှီးနှီး နှုတ်ဆက်**

**နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ဟင်္သာတ-ဇလွန်ရထားလမ်းပိုင်း ဖွင့်ပွဲတွင် စတင်ပြေးဆွဲသည့် အထူးရထားဖြင့် လိုက်ပါ စီးနင်းပြီး ရထားလမ်း တစ်လျှောက်ရှိ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။**
(သတင်းစဉ်)

ယနေ့ဖွင့်လှစ်သော ဟင်္သာတ-ဇလွန်ရထားလမ်းခရီး ၁၆ ဒသမ ၂၅ မိုင်ကို ဖောက်လုပ်ချိန် ငါးလတာကာလအတွင်း ဖွင့်လှစ်နိုင်အောင် ဆောင်ရွက်ပေးခဲ့ကြသည့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားမှ ဝန်ထမ်းများ၏ ဆောင်ရွက်ချက် စွမ်းပကားများကို မှတ်တမ်းတင်ပါကြောင်းနှင့် ဒေသခံမိဘပြည်သူများကလည်း ယနေ့ဖွင့်လှစ်သော ဟင်္သာတ-ဇလွန် ရထားလမ်း အပါအဝင် ဖွံ့ဖြိုးတိုးတက်ရေး အခြေခံကောင်းများကို သားစဉ်မြေးဆက် လက်ဆင့်ကမ်း အသုံးပြုနိုင်ရေးအတွက် အရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်သွားကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မင်းက ဟင်္သာတ-ဇလွန် ရထားလမ်းပိုင်းဖောက်လုပ်ရေးစီမံကိန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ၌ ယခင်က ဧရာဝတီတိုင်း၏ သယံဇာတများ ထွက်ကုန်များကို ဟင်္သာတမှတစ်ဆင့် ရန်ကုန်သို့တင်ပို့ခဲ့ရ၍ ဟင်္သာတမြို့သည် ဧရာဝတီတိုင်း၏ တစ်ခုတည်းသော ထွက်ပေါက်ဖြစ်ခဲ့ကြောင်း။

## ခွင့်ပြုပေးခဲ့

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ၂၀၀၉ ခုနှစ် ဒီဇင်ဘာ ၂၂ရက်က ဟင်္သာတမြို့သို့ရောက်ရှိစဉ် ဟင်္သာတမြို့မှ ရန်ကုန်သို့ ရထားလမ်း ဖောက်လုပ်ပေးရန် ခွင့်ပြုပေးခဲ့ကြောင်း။

ယနေ့ဖွင့်လှစ်သော ဟင်္သာတ-ဇလွန် ရထားလမ်းသည် ၁၆ ဒသမ ၂၅မိုင်အရှည်ရှိပြီး ဟင်္သာတ-ညောင်တုန်း ရထားလမ်း ၄၈မိုင် စီမံကိန်း၏ အစိတ်အပိုင်းတစ်ခုဖြစ်ကြောင်း၊ ပုသိမ်-ရန်ကုန်(လှိုင်သာယာ)-ရထားလမ်း ၈၉မိုင်ကိုလည်း တစ်ပြိုင်တည်း ဖောက်လုပ်လျက်ရှိရာ ဟင်္သာတ-ညောင်တုန်း ရထားလမ်းသည် အဆိုပါ ရထားလမ်းမှတစ်ဆင့် ရန်ကုန်(လှိုင်သာယာ)သို့ သွားရောက်နိုင်တော့မည်ဖြစ်ကြောင်း။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေနဲ့ ရထားလမ်းများ ပိုမိုတိုးတက်ကောင်းမွန်အောင် ပြုပြင်ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ ရထားလမ်းသစ်များ တိုးချဲ့ဖောက်လုပ်ပေးခြင်း၊ လူစီးတွဲနှင့်ကုန်တွဲများကို ကုန်ကျစရိတ်သက်သာစွာဖြင့် ပြည်တွင်း၌ ထုတ်လုပ်နိုင်ရေးစသည့် ရုပ်ပိုင်းဆိုင်ရာ တိုးတက်ကောင်းမွန်ရေးသာမက ခရီးသွားပြည်သူများ အဆင်ပြေစွာ သွားလာနိုင်ရေးအတွက် တာဝန်ကျေပွန်စွာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ဒေသခံပြည်သူတစ်ဦးက ဒေသခံပြည်သူများကိုယ်စား ကျေးဇူးတင်စကား ပြောကြားသည်။

## ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ဟင်္သာတ-ဇလွန် ရထားလမ်းပိုင်းတွင် စတင်ပြေးဆွဲမည့် အထူးရထားကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြပြီး အထူးရထားဖြင့် လိုက်ပါကြမည့် ခရီးသည်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ အမှတ်တရလက်ဆောင်ပစ္စည်းများကို ပေးအပ်ကြသည်။

## နှုတ်ဆက်

ဆက်လက်၍ ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဟင်္သာတဘူတာမှ အထူးရထားဖြင့် ဇလွန်ဘူတာအထိ လိုက်ပါစီးနင်းကြပြီး ရထားလမ်းဖောက်လုပ်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးကြရာ ရထားလမ်းတစ်လျှောက်ရှိ ဒေသခံပြည်သူများက တပျော်တပါး နှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဇလွန်ဘူတာသို့ ရောက်ရှိကြပြီး ဒေသခံပြည်သူများနှင့် အကအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ယခုဖွင့်လှစ်လိုက်သည့် ဟင်္သာတ-ဇလွန် ရထားလမ်းပိုင်းကို ၂၀၁၀ခုနှစ် ဖေဖော်ဝါရီလ ၂၀ရက်တွင် စတင်အကောင်အထည်ဖော်ဖောက်လုပ်ခဲ့ပြီး ခရီးမိုင်အရှည်မှာ ၁၆ ဒသမ ၂၅မိုင် ရှိသည်။ လမ်းပိုင်းတွင် တံတားကြီးငယ် စုစုပေါင်း ၂၅စင်းနှင့် ဘူတာရုံ သုံးရုံပါရှိသည်။

အဆိုပါ ဟင်္သာတ-ဇလွန်ရထားလမ်းပိုင်းသည် ဟင်္သာတ-နေဖြူ-စကြော့(ညောင်တုန်း)ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း၏ ပထမအဆင့် စတင်အကောင်အထည်ဖော်နိုင်ခဲ့သည့် ရထားလမ်းပိုင်းသစ်ဖြစ်သည်။

## ရှင်းလင်းတင်ပြ

ယင်းနောက် စီမံကိန်းရှင်းလင်းဆောင်၌ နိုင်ငံတော်ဝန်ကြီးချုပ်အား ဝန်ကြီး ဦးခင်မောင်မြင့်က ဧရာဝတီတံတား(ညောင်တုန်း) တည်ဆောက်ရေးစီမံကိန်းဆိုင်ရာ အချက်အလက်များ၊ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးနိုင်ရေး ဆောင်ရွက်နေမှု၊ တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများ ရရှိမှုအခြေအနေတို့နှင့်စပ်လျဉ်းသည်များကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သော တည်ဆောက်ရေးပစ္စည်းများ အချိန်မီရောက်ရှိရေးအတွက် သက်ဆိုင်ရာ ဌာနများနှင့် ညှိနှိုင်းဆောင်ရွက်သွားရန်၊ သတ်မှတ်စံချိန်စံညွှန်းပြည့်မီရေး၊ သတ်မှတ်ကာလအတွင်းပြီးစီးရေးတို့အတွက် ဂရုပြုဆောင်ရွက်သွားရန်တို့ကို အသေးစိတ်မှာကြားသည်။

## ယှဉ်တွဲပါရှိ

ဧရာဝတီတံတား(ညောင်တုန်း)သည် တံတားအုတ်မြစ်နှင့် အောက်ထည် သံကူကွန်ကရစ်အမျိုးအစားနှင့် တံတားအပေါ်ထည် သံမဏိသံပေါင်အမျိုးအစား ဖြစ်သည်။ တံတားအရှည် ၇၄၀၂ပေရှိပြီး ကားလမ်းနှင့် ရထားလမ်း ယှဉ်တွဲပါရှိသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာလာကြရာ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဒေါက်တာမောင်ထူး

# စစ်ကိုင်းတိုင်းအတွင်း ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများ ညှိနှိုင်းဆွေးနွေး

နေပြည်တော် ဇူလိုင် ၂၁

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဒေါက်တာမောင်ထူးသည် စစ်ကိုင်းတိုင်း မုံရွာမြို့ရှိ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး မြသလ္လာ အစည်းအဝေးခန်းမ၌ ဇူလိုင် ၁၄ရက်တွင် စစ်ကိုင်းခရိုင်နှင့် မုံရွာခရိုင်ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးများ၊ ခရိုင်အတွင်းရှိ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးများနှင့်လည်းကောင်း၊ ဇူလိုင် ၁၅ရက်တွင် စစ်ကိုင်းတိုင်း ကော်မရှင်အဖွဲ့ခွဲဝင်များနှင့်လည်းကောင်း၊ ရွှေဘိုခရိုင်၊ ကလေးခရိုင်နှင့် တမူးခရိုင် ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးများ၊ ခရိုင်အတွင်းရှိ မြို့နယ် ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးများနှင့်လည်းကောင်း၊ ဇူလိုင် ၁၆ရက်တွင် ကသာခရိုင်၊ မော်လိုက်ခရိုင်နှင့် ခန္တီးခရိုင်ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးများ၊ ခရိုင်အတွင်းရှိ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ၊ အတွင်းရေးမှူးများနှင့်လည်းကောင်း၊ ဇူလိုင် ၁၇ရက်တွင် စစ်ကိုင်းတိုင်းအတွင်းရှိ ခရိုင်၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးများနှင့်လည်းကောင်း၊ ဇူလိုင် ၁၈ရက်တွင် စစ်ကိုင်းတိုင်း ကော်မရှင်အဖွဲ့ခွဲဝင်များ၊ တိုင်းအတွင်းရှိ ခရိုင်၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲအတွင်းရေးမှူးများနှင့်လည်းကောင်းတွေ့ဆုံ၍ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများ၊ မဲဆန္ဒရှင် စာရင်းများ၊ မဲရုံတည်နေရာနှင့် မဲပုံးလိုအပ်ချက် စာရင်းများနှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေး ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင် ဃောသိတာရာမပါဠိတက္ကသိုလ်ကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တမာလာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)၏ ထေရုပ္ပတ္တိအကျဉ်း



### ဖွားမြင်တော်မူခြင်း

ဆရာတော်လောင်းလျာသည် တနင်္သာရီတိုင်း လောင်းလုံမြို့နယ် အင်းဇောက်ရွာ ခမည်းတော် ဦးဘရှိန်၊ မယ်တော် ဒေါ်မြမြခင်တို့က ၁၂၈၇ခုနှစ် တန်ခူးလဆန်း ၆ရက် (ကြာသပတေးနေ့)တွင် ဖွားမြင်တော်မူသော သားရတနာတစ်ပါး ဖြစ်သည်။

### ရှင်ရဟန်းအဖြစ်သို့ရောက်ရှိတော်မူခြင်း

ဆရာတော်လောင်းလျာသည် ၁၂၉၈ ခုနှစ် တပေါင်းလဆန်း ၁၀ရက်နေ့တွင် အင်းဇောက်ရွာ အင်းဇောက်အနောက်ကျောင်း ဆရာတော်ဘဒ္ဒန္တနန္ဒမာလာကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပြီး ၁၃၀၇ခုနှစ် ဒုတိယဝါဆိုလဆန်း ၈ရက်နေ့တွင် ဃောသိတာရာမပါဠိတက္ကသိုလ် ကျောင်းတိုက် ဆရာတော်ကိုဥပဇ္ဈာယ်ပြု၍ ယင်းကျောင်းခဏ္ဍသိမ်၌ မြင့်မြတ်သော ရဟန်းအဖြစ်သို့ရောက်ရှိတော်မူခဲ့သည်။

### ပရိယတ္တိစာပေသင်ယူဆည်းပူးတော်မူခြင်း

ဆရာတော်လောင်းလျာသည် တနင်္သာရီတိုင်း လောင်းလုံမြို့နယ် အင်းဇောက်ရွာ အင်းဇောက်အနောက်ကျောင်းဆရာတော် ဃောသိတာရာမပါဠိတက္ကသိုလ်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဃောသိတာဘိဝံသနှင့် တိုက်အုပ်တိုက်ကြပ်ဆရာတော်များထံ ပရိယတ္တိစာပေများ သင်ယူဆည်းပူးတော်မူခဲ့သည်။

### စာပေပို့ချခြင်းနှင့် သာသနာရေးအားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် ပါဠိတက္ကသိုလ် ကထိကစာချဆရာတော်အဖြစ်ဖြင့် စာပေပို့ချတော်မူရင်း ဃောသိတာရာမပါဠိတက္ကသိုလ်ကျောင်းတိုက်၏ ဝန်ဆောင်လုပ်ငန်းများ၊ ဓမ္မာစရိယ စာမေးပွဲကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ ဓမ္မာစရိယ စာမေးပွဲ စာစစ်အဖြစ်ဖြင့်လည်းကောင်း၊ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖြစ်ဖြင့်လည်းကောင်း၊ နိုင်ငံတော်ဝိနည်းဓိုရ်အဖြစ်ဖြင့် လည်းကောင်း၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် အဖြစ်ဖြင့်လည်းကောင်း သာသနာရေးဆိုင်ရာများကို အားပေးဆောင်ရွက်တော်မူခဲ့သည်။

### ဘွဲ့တံဆိပ်အလှူခံရရှိတော်မူခြင်း

ဤသို့လျှင် သာသနာတော်အကျိုးသယ်ပိုးဆောင်ရွက်တော်မူပြီး လဇ္ဇီပေသလ သိက္ခာကာမ ပရိယတ္တိဝိသာရဒ စသောဂုဏ်တို့နှင့်ပြည့်စုံတော်မူ၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရက ၁၃၅၄ (၁၉၉၃)ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်နှင့် ၁၃၇၀ (၂၀၀၉)ခုနှစ်တွင် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်တို့ကို ဆက်ကပ်လှူဒါန်းပူဇော်ခဲ့သည်။

### ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်ကြီးသည် သာသနာတော်အကျိုး သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် (၈၅)နှစ် သိက္ခာတော် (၆၅)ဝါအရ ၁၃၇၂ခုနှစ် ဒုတိယဝါဆိုလဆန်း ၁၀ရက် ၂၁-၇-၂၀၁၀ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၉နာရီ ၁၅မိနစ်အချိန်တွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

# နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တမာလာဘိဝံသ ဘဝနတ်ထံပျံလွန်တော်မူ

နေပြည်တော် ဇူလိုင် ၂၁

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင်ဆရာတော် တနင်္သာရီတိုင်း ထားဝယ်မြို့ ဃောသိတာရာမ ပါဠိတက္ကသိုလ်ကျောင်းတိုက်၌ သီတင်းသုံးတော်မူသော သက်တော် (၈၅)နှစ်၊ သိက္ခာတော် (၆၅)ဝါရှိ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ မာလာဘိဝံသ ဆရာတော်ကြီးသည် ၁၃၇၂-ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၀ရက်၊ ဇူလိုင် ၂၁ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉နာရီ ၁၅မိနစ်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)



# တိုင်းမှူးဗိုလ်ချုပ်ဝင်းမြင့် ထန်းတပင်ပြည်သူ့ဆေးရုံစစ်ဆေး ဒေသခံပြည်သူများအား မျက်စိစမ်းသပ်ကုသပေးမှု ကြည့်ရှု

ရန်ကုန် ဇူလိုင် ၂၁

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်သည် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ် ထန်းတပင်-သီတာအေးလမ်း လမ်းပြုပြင်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

### တပ်ဆင်

ဆက်လက်၍ တိုင်းမှူးနှင့်အဖွဲ့သည် ထန်းတပင်မြို့နယ် ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး နယ်လှည့်မျက်စိ အထူးကုဆရာဝန်များအဖွဲ့က ဒေသခံပြည်သူများအား မျက်စိစမ်းသပ်ကုသပေးနေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး မျက်မှန်များကို တပ်ဆင်ပေးကြသည်။ (အပေါ်ပုံ)

### ဖြည့်ဆည်းဆောင်ရွက်

ထို့နောက် တိုင်းမှူးသည် ဆေးသိုလှောင်ခန်းနှင့် ခွဲစိတ်ခန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး ဆေးရုံတက်ရောက်လျက်ရှိသော လူနာများအား အလှူငွေများ ပေးအပ်ကာ ဆေးရုံတိုးချဲ့ဆောင် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူတို့အား လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

### ဖြန့်ဝေပေး

ယင်းနောက် တိုင်းမှူးနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးအောင်သိန်းလင်းတို့သည် ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ်(လှိုင်သာယာ)၌ ကျင်းပသည့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားသို့ တက်ရောက်၍ ပျိုးပင်များကို ဖြန့်ဝေပေးကြသည်။

### ကြည့်ရှုအားပေး

ထို့နောက် တိုင်းမှူးနှင့် မြို့တော်ဝန်တို့က အမှတ်တရ ကံ့ကော်ပင်ကို စိုက်ပျိုးပေးကြပြီး ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူများ စုပေါင်း သစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

ယင်းနောက် တိုင်းမှူးနှင့် မြို့တော်ဝန်တို့သည် လှိုင်သာယာမြို့နယ်အတွင်း လမ်းခင်းကျင်းနေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပထမအဆင့်အုပ်စုပတ်လည် ဆက်လက်ယှဉ်ပြိုင်

နေပြည်တော် ဇူလိုင် ၂၁

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ် ကျင်းပသည့် စတုတ္ထအကြိမ်မြောက် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည် အမှတ်ပေးပွဲစဉ်များကို ယနေ့ညနေ ၄နာရီတွင် သတ်မှတ်နေရာများ၌ ဆက်လက်ကျင်းပရာ နေပြည်တော် ဘောလုံးအားကစားပြိုင်ကွင်း၌ ကျင်းပသောပွဲစဉ်၌ (က) အုပ်စုမှ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းက ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့အသင်းကို ငါးဂိုး - တစ်ဂိုးဖြင့်လည်းကောင်း၊ နေပြည်တော် ပေါင်းလောင်းဘောလုံးအားကစားပြိုင်ကွင်း၌ ကျင်းပသောပွဲစဉ်၌ (ခ)အုပ်စုမှ ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းက အမှတ်(၂)စက်မှုဝန်ကြီးဌာနအသင်းကို လေးဂိုး-နှစ်ဂိုးဖြင့်လည်းကောင်း၊ နေပြည်တော်လယ်ဝေး ဘောလုံးအားကစားပြိုင်ကွင်း၌ ကျင်းပသောပွဲစဉ်၌ (ခ)အုပ်စုမှ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနအသင်းက ရွှေ့နေချုပ်ရုံးအသင်းကို ခြောက်ဂိုး-တစ်ဂိုးဖြင့်လည်းကောင်း အသီးသီး အနိုင်ရရှိသွားကြသည်။

### ယှဉ်ပြိုင်ကစား

ဇူလိုင် ၂၂ရက် ပွဲစဉ်များအဖြစ် နေပြည်တော်အားကစားပြိုင်ကွင်း၌ (ဂ)အုပ်စုမှ နယ်စပ်/စည်ပင်အသင်းနှင့် စီးပွား/ကူးသန်းအသင်း၊ နေပြည်တော်ပေါင်းလောင်း အားကစားပြိုင်ကွင်း၌ (ဂ)အုပ်စုမှ မွေး/ရေအသင်းနှင့်ဟိုတယ်/ခရီးအသင်း၊နေပြည်တော်လယ်ဝေးအားကစားပြိုင်ကွင်း၌ (ဃ)အုပ်စုမှ ပညာရေးအသင်းနှင့် စီမံ/ စီးပွားအသင်းတို့ ယှဉ်ပြိုင်ကစားကြမည် ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



● ကျောဖုံးမှ

*ထုတ်လုပ်လာတော့မည် ဖြစ်ကြောင်း ဟွန်ဒါမော်တော်ကားကုမ္ပဏီ ဥက္ကဋ္ဌက ပြောကြားသည်။ ဟွန်ဒါကုမ္ပဏီနှင့်အပြိုင် နစ်ဆန်းကုမ္ပဏီကလည်း ယခုနှစ် နှစ်ကုန်ပိုင်းတွင် ဂျပန်နှင့် အမေရိကန်နိုင်ငံတို့၌ အီလက်ထရွန်နစ်ကားများ ထုတ်လုပ်ရောင်းချရန် စီစဉ်နေပြီဖြစ်ကြောင်း သိရသည်။*

*စီစဉ်လျက်ရှိ*

*အလားတူ တိုယိုတာ ကားကုမ္ပဏီကလည်း ၂၀၁၂ခုနှစ်တွင် အီလက်ထရွန်နစ် မော်တော်ကား မော်ဒယ်တစ်မျိုးကို ထုတ်လုပ်သွားရန် စီစဉ်လျက်ရှိကြောင်း၊ လာမည့် ၁၀နှစ်အတွင်း အီလက်ထရွန်နစ် မော်တော်ကားများ ကမ္ဘာတစ်ဝန်း သုံးစွဲလာနိုင်တော့မည်ဖြစ်ကြောင်း ဟွန်ဒါကုမ္ပဏီ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။*

*အင်တာနက်*

# ပညာရေးဆိုင်ရာ ဆွေးနွေးပွဲ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၁

Singapore နိုင်ငံရှိ STET Institute မှ ပညာရေးဆွေးနွေးပွဲကို ဇူလိုင် ၂၄ ရက် မွန်းလွဲ ၂နာရီမှ ညနေ ၄နာရီအထိနှင့် ဇူလိုင် ၂၅ရက် ညနေ ၄နာရီမှ ၆နာရီအထိ ကုန်သည်ကြီးများဟိုတယ် တတိယထပ်ရှိ ကုန်းဘောင်တဘောင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။

### တက်ရောက်နိုင်

တက္ကသိုလ်ဝင်စာမေးပွဲအောင် ကျောင်းသား ကျောင်းသူများလည်း တက်ရောက်နိုင်ပြီး တက်ရောက်သင်ကြားနိုင်သော ဘာသာရပ်များမှာ Diploma in Hospitality Management (hottest Course), Advanced Diploma in Hospitality Management (hottest course), Diploma in Business Administration and Private Secretary, International English Language (IESOL) တို့ဖြစ်သည်။

### စာရင်းပေးသွင်းနိုင်

STET Institute သည် Edutrust Certificate ကို ပုဂ္ဂလိကပညာရေးကောင်စီမှ ဦးဆုံးထုတ်ပြန်သည့် ပုဂ္ဂလိက ပညာရေးဝန်ဆောင်မှုများအနက် တစ်ခုအပါအဝင်ဖြစ်ပြီး ယုံကြည်စိတ်ချရသည့် Registrered Private Education Institution တစ်ခုဖြစ်ကြောင်း ဆွေးနွေးပွဲတက်ရောက်လိုသူများသည် ဖုန်း- ၅၄၆၁၁၅သို့ ဆက်သွယ်၍ နေရာစာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

### ပို့ဆောင်နှုတ်ဆက်

**မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်းမှ ဗဟိုအလုပ်အမှုဆောင် ဦးမင်းသိန်းဦးဆောင်၍ အဖွဲ့ဝင် ၁၆ဦးပါသောအဖွဲ့ ရှန်ဟိုင်း ကမ္ဘာ့ကုန်စည်ပြပွဲ (၂၀၁၀)သို့ သွားရောက်ကြည့်ရှုလေ့လာရန် ဇူလိုင် ၁၇ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပေကျင်းမြို့သို့ ထွက်ခွာသွားရာ မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးစိန်လွင်၊ အထွေထွေအတွင်းရေးမှူး ဦးနေထွန်းမင်း၊ အလုပ်အမှုဆောင်များနှင့် တာဝန်ရှိသူတို့ လိုက်ပါပို့ဆောင်နှုတ်ဆက်ကြစဉ်။**

(မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်း)

**စာအုပ်စာပေ လူ့မိတ်ဆွေ**

# ကြွက်ကာကွယ်နှိမ်နင်းရေး နှိုးဆော်ချက်

မိုးဦးအစတွင် ရိုးမများအတွင်း မှီခိုနေထိုင်သော ကြွက်ဝမ်းဖြူများသည် ဒေသနှင့်ဝါးမျိုးကွဲအလိုက် ဝါးပန်းပွင့်ခြင်း၊ ဝါးသည်းခြင်းတို့ကြောင့် မျိုးပွားနှုန်းမြင့်မားလာခြင်းနှင့် ရိုးမအတွင်း အစားအစာရှားပါးလာခြင်းတို့ကြောင့် စပါးပျိုးခင်းနှင့် စိုက်ခင်းများရှိရာ မြေပြန့်သို့ အုပ်စုလိုက် ရွှေ့ပြောင်း၍ ပျိုးခင်းမှ စပါးစေ့နှင့် ပျိုးပင်ငယ်များကို စားသောက်ဖျက်ဆီးလာနိုင်သည်။

ကြွက်ကျရောက်ဖျက်ဆီးပါက အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ကြရန် ဖြစ်သည် -

- လူနေအိမ်နှင့်စိုက်ခင်းများအတွင်း ကြွက်ခိုအောင်းနိုင်သော နေရာများအား သန့်ရှင်းရေး ဆောင်ရွက်ခြင်း၊
- ကြွက်ကျင်းများ တူးဖော်နှိမ်နင်းခြင်း၊
- ကြွက်ကျင်းများထဲသို့ မီးခိုးမှိုင်းတိုက်ခြင်း၊ ရေလောင်းထည့်ခြင်း၊
- တစ်ကွင်းတစ်စပ်တည်းတွင် လူထုလှုပ်ရှားမှုအသွင်ဖြင့် ခြောက်လှန့်ရှာဖွေဖမ်းဆီးခြင်း၊
- ထောင်ချောက်အမျိုးမျိုးအသုံးပြု နှိမ်နင်းခြင်း၊
- လိုအပ်ပါက ကြွက်သတ်ဆေးချ၍ ကာကွယ်နှိမ်နင်းခြင်း၊

အကူအညီလိုအပ်ပါက နီးစပ်ရာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းဌာနများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း နှိုးဆော်အပ်ပါသည်။

**လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

## အင်တာမီလန်ကို ပို၍ကောင်းအောင်ကြိုးစားမည် နည်းပြဘင်နီတက်ဇ်ပြောကြား

မြင့်မောင်စိုး - စုစည်းသည်



မီလန် ဇူလိုင် ၂၁

အင်တာမီလန်အသင်းကို မော်ရင်ဟိုလက်ထက်ကထက် ပိုကောင်းအောင် ကြိုးစားသွားမည်ဖြစ်ကြောင်း နည်းပြ ရာဖေးလ်ဘင်နီတက်ဇ်က ပြောကြားသည်။

ပေါ်တူဂီနိုင်ငံသား နည်းပြ မော်ရင်ဟိုသည် ပြီးခဲ့သည့်နှစ်က အင်တာမီလန်အသင်းကို ချန်ပီယံလိဂ်ဖလားနှင့် စီးရီးအေဖလားတို့ကို ဆွတ်ခူးပေးနိုင်ခဲ့သည်။ ဤသို့ ဆွတ်ခူးနိုင်ခဲ့ခြင်းမှာ ၁၉၆၀ပြည့်နှစ်လွန် နောက်ပိုင်းတွင် ပထမဆုံးဆွတ်ခူးနိုင်ခဲ့ခြင်း ဖြစ်သည်။

အင်တာမီလန်အသင်းသည် ဖလားနှစ်လုံးဆွတ်ခူးနိုင်ခဲ့သော်လည်း စိတ်ပိုင်းဆိုင်ရာ ရော ရုပ်ပိုင်းဆိုင်ရာပါ ပြုပြင်မှုများ ပြုလုပ်ပေးရန်လိုကြောင်း၊ ဥရောပတွင် အကောင်းဆုံးအသင်းတစ်သင်းအဖြစ် ဆက်လက်ရပ်တည်နိုင်ရေး၊ ဖလားများထပ်မံဆွတ်ခူးနိုင်ရေး ကြိုးစားပေးသွားမည်ဖြစ်ကြောင်း နည်းပြဘင်နီတက်ဇ်က ပြောကြားသည်။

(အင်တာနက်)

## စပိန်လာလီဂါ အဖွင့်ပွဲစဉ် ရီးရဲနှင့် ဘာကာအဝေးကွင်း ကစားရမည်

မက်ဒရစ် ဇူလိုင် ၂၁

စပိန်လာလီဂါဘောလုံးပွဲစဉ်များ စပိန်ဘောလုံးအဖွဲ့ချုပ်က ထုတ်ပြန်ကြေညာလိုက်ပြီဖြစ်ရာ ဘာကာနှင့် ရီးရဲမက်ဒရစ်တို့သည် အဖွင့်ပွဲစဉ်တွင် အဝေးကွင်းသွားရောက်ကစားရမည်ဖြစ်သည်။

စပိန်လာလီဂါချန်ပီယံဆုကို နှစ်နှစ်ဆက်တိုက်ဆွတ်ခူးခဲ့သော ဘာကာအသင်းသည် ဩဂုတ်၂၉ရက် အဖွင့်ပွဲစဉ်တွင် ရေးဆင်းဆန်တင်ဒါအသင်း အိမ်ကွင်းသို့ သွားရောက်ကစားရမည်ဖြစ်သည်။ ထိုအချိန်တွင် မော်ရင်ဟို၏ ရီးရဲမက်ဒရစ်အသင်းသည် ရီးရဲမာလော့ကာ အိမ်ကွင်းသို့ သွားရောက်ကစားရမည်ဖြစ်သည်။

ပြီးခဲ့သည့် ဘောလုံးရာသီက တတိယနေရာရခဲ့သော ဗလင်စီယာအသင်းသည် လီဗန်တေးအိမ်ကွင်းသို့ သွားရောက်ကစားရမည်ဖြစ်သည်။ စတုတ္ထရခဲ့သော ဆီဗီလာအသင်းသည် မာလာဂါအိမ်ကွင်းသို့ သွားရောက်ကစားရမည်ဖြစ်သည်။

(အင်တာနက်)

## ဂျာမနီနည်းပြ ဂျိုအာချင်လို ယူရို ၂၀၁၂အထိ ဂျာမနီနည်းပြတာဝန်ယူမည်



မြူးနစ် ဇူလိုင် ၂၁

ဂျာမနီအသင်းနည်းပြတာဝန်ကို ယူရို ၂၀၁၂အထိ ဆက်လက်တာဝန်ထမ်းဆောင်သွားမည်ဖြစ်ကြောင်း နည်းပြဂျိုအာချင်လိုက အတည်ပြုပြောကြားသည်။

အသက် ၅၀ရှိ နည်းပြဂျိုအာချင်လိုသည် ဂျာမနီအသင်းနှင့် ဇူလိုင် ၂၀ရက်က စာချုပ်သက်တမ်း နှစ်နှစ် ထပ်မံချုပ်ဆိုလိုက်သည်။ ၎င်းနှင့် ဂျာမနီအသင်းတို့၏ လက်ရှိစာချုပ်မှာ ကမ္ဘာ့ဖလားပြီးသည့်နောက် စာချုပ်သက်တမ်းကုန်ဆုံးခဲ့သည်။

ဂျိုအာချင်လို၏ လက်ထောက်နည်းပြ ဟမ်းစ်-ဒီတာဖလစ်နှင့် ဂိုးနည်းပြ အန်ဒရီးရပ်စ်ကေ့ကေးတို့သည်လည်း ပိုလန်နှင့် ယူကရိန်းတို့၌ကျင်းပမည့် ယူရို ၂၀၁၂ အထိ စာချုပ်ထပ်မံတိုးလိုက်ကြောင်း သိရသည်။ (အင်တာနက်)

## ရော်နယ်ဒင်ဟိုအား ရောင်းမည်မဟုတ်

မီလန် ဇူလိုင် ၂၁

ဘရာဇီးတိုက်စစ်မှူး ရော်နယ်ဒင်ဟိုအား မည်သည့်အခါမှ ရောင်းလိမ့်မည်မဟုတ်ကြောင်း ၎င်း၏ကလပ်က ပြောကြားသည်။

တိုက်စစ်မှူး ရော်နယ်ဒင်ဟိုသည် ၂၀၀၈ခုနှစ် ဇူလိုင်လက ဘာစီလိုနာမှ မီလန်သို့ ယူရို ၁၈ဒသမ ၅သန်းဖြင့် ပြောင်းရွှေ့ခဲ့ခြင်းဖြစ်သည်။ ၎င်းအား ဘရာဇီးကလပ်များက ပြန်လည်ခေါ်ယူရန် ကြိုးစားလျက်ရှိသည်။ ရော်နယ်ဒင်ဟိုသည် ပြီးခဲ့သည့်ရာသီက အေစီမီလန်အသင်းကို တတိယနေရာအထိရောက်အောင် အဓိကစွမ်းဆောင်ကစားပေးနိုင်ခဲ့သူဖြစ်သည်။ (အင်တာနက်)

## ဂျရတ် လီဗာပူးတွင် ဆက်ကစားမည်

လန်ဒန် ဇူလိုင် ၂၁

မိမိသည် ၂၀၁၃ခုနှစ်အထိ လီဗာပူးနှင့် စာချုပ်ထားပြီဖြစ်၍ အင်န်ဖီး၌ ဆက်လက်နေထိုင်သွားမည်ဖြစ်ကြောင်း လီဗာပူးအသင်းခေါင်းဆောင် စတီဗင်ဂျရတ်က ပြောကြားသည်။

စတီဗင်ဂျရတ်အား ရီးရဲမက်ဒရစ်နည်းပြ မော်ရင်ဟိုက ခေါ်ယူရန် ဆက်သွယ်မှုများပြုလုပ်ခဲ့သည်။ သို့သော် မိမိအနေဖြင့် လီဗာပူးမှာသာ ဆက်လက်ကစားမည်ဖြစ်ကြောင်း၊ ရာသီအကြိုကို မစောင့်နိုင်တော့ကြောင်း၊ လေ့ကျင့်မှုများ စတင်နေပြီဖြစ်ကြောင်း ဂျရတ်က ပြောကြားသည်။ (အင်တာနက်)

# ပရီမီယာလိဂ်အကြို စကားသံများ

➤ စုစည်းရေးသားသူ - မောင်မောင်မြင့်ဆွေ ➤ စာမျက်နှာဖွဲ့စည်းမှု - ဝင့်မာသွင် (မြန်မာ့အလင်း)

လန်ဒန် ဇူလိုင် ၂၁

**၂၀၁၀-၂၀၁၁ပရီမီယာလိဂ် ဘောလုံးရာသီ ဩဂုတ် ၁၄ရက်၌ စတင်တော့မည်။ ပရီမီယာလိဂ်အသင်းကြီးများ အပါအဝင် ကျန်အသင်းများအားလုံး ဘောလုံးသမားအသစ်ဖြည့်ဆည်းမှုနှင့် ရောင်းဝယ်မှုများပြုလုပ်လျက်ရှိသည်။ ပရီမီယာလိဂ်အသင်းတိုင်းနီးပါး ရာသီအကြိုခြေစမ်းပွဲများလည်း ကစားနေကြပြီဖြစ်သည်။**



စီရိုနယ်ဒို

### မျှော်လင့်

ပရီမီယာလိဂ် အသင်းများနှင့် တိုက်စစ်မှူးများအပေါ် လာလီဂါ၊ စီးရီးအေနှင့် ဘွန်ဒက်လီဂါတို့မှ ကစားဖော်များ၏ ပြောကြားမှုများကို ဖော်ပြရပါလျှင်-

### စီရိုနယ်ဒို

### (ရီးရဲမက်ဒရစ်တောင်ပံကစားသမား)

"ဒီနှစ်ပရီမီယာလိဂ် ဘောလုံးရာသီမှာ မန်ယူအတွက် ရွန်နေရဲ့ စွမ်းဆောင်ပေးမှုတွေက အံ့ဩစရာဖြစ်လာမှာပါ။ ကျွန်တော်မန်ယူမှာ ကစားခဲ့စဉ်ကတည်းက ရွန်နေဟာ ဂိုးသွင်းသေချာတဲ့ တိုက်စစ်မှူးတစ်ဦးဆိုတာ အသိအမှတ်ပြုခဲ့ပြီးသားဖြစ်ပါတယ်။ ကမ္ဘာ့ဖလားပွဲမှာ ကျွန်တော်ရော ရွန်နေပါ ဂိုးတွေ မသွင်းနိုင်ခဲ့ကြဘူး။ ဒါပေမယ့် ကျွန်တော် ယုံကြည်ပါတယ်။ ရွန်နေဟာ မန်ယူအတွက် ပြီးခဲ့တဲ့နှစ်ကထက် ဂိုးတွေ ပိုသွင်းယူနိုင်လိမ့်မယ် ဆိုတာပါပဲ"။

### အင်နီယေစတာ

### (စပိန်ကစားသမား)

"တချို့က ဒရော့ဘာကို အသက်ကြီးပြီလို့ ပြောနေကြတယ်။ ခြေစွမ်းကျနေပြီလို့လည်း ဝေဖန်နေကြတယ်။ တကယ်တော့ ဒရော့ဘာ ချယ်လ်ဆီးအသင်းအတွက် အခုအချိန်မှာ အဓိက တိုက်စစ်မှူးအဖြစ် တည်ရှိနေဆဲပါ။ မနှစ်က ဘောလုံးရာသီမှာ ချယ်လ်ဆီးအတွက် ၂၉ဂိုးသွင်းယူပေးနိုင်ခဲ့တယ်။ ဒီနှစ်မှာလည်း ချယ်လ်ဆီးတို့ ပရီမီယာလိဂ်ဖလားကာကွယ်ဖို့အတွက် ဒရော့ဘာရဲ့ သွင်းဂိုးတွေက အဓိကကျနေဦးမှာပါ။



အင်နီယေစတာ

နောက်ပြီး ကစားသမားအင်အား အပြောင်းအလဲသိပ်မရှိတာမို့ ဒီနှစ်လည်း ချယ်လ်ဆီးတို့ဖလားပဲ ဖြစ်နေဦးမှာပါပဲ"။

### ရော်နယ်ဒင်ဟို

### (အေစီမီလန် ကစားသမား)

"တောရက်စ်အနေနဲ့ ကမ္ဘာ့ဖလားပွဲမှာ စပိန်အတွက် ဂိုးမသွင်းနိုင်တာ ခြေစွမ်းကျသွားတာမဟုတ်ပါဘူး။ ကြွံခိုင်မှု မပြည့်တာပါ။ တောရက်စ်ဟာ လီဗာပူးအသင်းမှာ ဆက်ကစားဖြစ်ခဲ့ရင်တော့ လီဗာပူးရဲ့ အောင်မြင်မှုတွေကို ဖန်တီးပေးနိုင်ပါလိမ့်မယ်။ လီဗာပူးအသင်းဟာ နည်းပြသစ်အောက်မှာ တောရက်စ်တို့လို ကစားသမားတွေအားနဲ့ အောင်မြင်မှုတွေ ပြန်လည်ရရှိနိုင်လိမ့်မယ်လို့ ထင်ပါတယ်။ အဆင့်အတန်း



ရော်နယ်ဒင်ဟို

မီတဲ့ ကစားသမားတွေ လီဗာပူးမှာပေါများပါတယ်။"

### သောမတ်မူလာ

### (ဂျာမနီ တိုက်စစ်မှူး)

"အာဆင်နယ် အသင်းနည်းပြရဲ့ အခင်းအကျင်းကို ပိုပြီးသဘောကျတယ်။



သောမတ်မူလာ

သူဟာရှိတဲ့ကစားသမားတွေနဲ့ နိုင်ပွဲရအောင် ကစားစေနိုင်သလို ကစားအားကိုလည်း အတက်အကျထိန်းနိုင်တယ်။ လူငယ်တွေကို မြန်နှုန်းမြင့်ကစားစေမှုအပိုင်းမှာ ကောင်းပေမယ့် အတွေ့အကြုံရှိတဲ့ ကစားသမားတွေကို ထည့်သွင်းနိုင်ရင် ပိုပြီးစွမ်းအား တက်လာမှာ ဖြစ်ပါတယ်။ ပရီမီယာလိဂ်မှာ အာဆင်နယ်ကို ကျွန်တော် စိတ်ဝင်စားမှု အရှိဆုံးပါပဲ။ အာဆင်နယ်တို့ ပရီမီယာလိဂ်ဖလားနဲ့ အလှမ်းဝေးနေလို့ သူတို့ရရှိစေချင်တာလည်း ပါဝင်တယ်။ ဒါပေမယ့် ကစားသမားအသစ်ထပ်ဖြည့်မှ အခြေအနေကောင်းနိုင်မယ်လို့ ထင်ပါတယ်။"

### ရှနိုက်ဒါ

### (နယ်သာလန်ကစားသမား)

"ရာသီအကြို ခြေစမ်းပွဲတွေမှာတော့ ဘာဘာတော့ဗ်က မန်ယူအတွက် ဂိုးတွေသွင်းယူပေးနိုင်နေတယ်။ မန်ယူဟာ စိတ်ဓာတ်ပိုင်းဆိုင်ရာမှာ ပိုမိုမြှင့်တင်ဖို့ လိုအပ်နေတယ်။ တိုက်စစ်အားနဲ့ ကွင်းလယ်အားကိုလည်း ကစားသမား ဖြည့်ဆည်းပေးဖို့လိုအပ်နေပြီလို့ မြင်ပါတယ်။ အသင်း လိုက် စွမ်းဆောင်ရည်ကောင်းအောင်လုပ်ဖို့ ကစားသမားအသစ်တွေ မလွဲ မသွေဖြည့်ဆည်းမှ ဖြစ်ပါလိမ့်မယ်။ မန်ယူအသင်းရဲ့နေရာလိုက် ကစားအားက အားရဖို့ သိပ်မရှိတာ



ရှနိုက်ဒါ

တွေ့ရတယ်" ဟု အသီးသီး ဖွင့်ဟပြောကြားသွားပါကြောင်း။ ။

**ကိုးကား- အင်တာနက်**

## ကမ္ဘာ့အားကစားသတင်းအတိုအထွာ

ချစ်စိုးနိုင် - စုစည်းသည်

### ဝစ်ခ်ဟမ်း၏ပြောင်းရွှေ့ကြေး အစ်ဆွစ်ချ်ဖွင့်ဟ

*အသက် ၁၇နှစ်ရှိ ဆယ်ကျော်သက်တိုက်စစ်မှူး ကွန်နော်ဝစ်ခ်ဟမ်းအား စာချုပ်ခေါ်ယူလိုပါက အာဆင်နယ်နှင့် စပါးအသင်းတို့အနေဖြင့် ပြောင်းရွှေ့ကြေး ပေါင် ၁၀သန်း သုံးစွဲရမည်ဖြစ်ကြောင်း အစ်ဆွစ်ချ်အသင်းက ဖွင့်ဟပြောကြားသည်။*

### ပီယင်နာအားခေါ်ယူရန် အင်တာစဉ်းစား

*ချန်ပီယံလိဂ် ချန်ပီယံအင်တာမီလန်သည် အဲဗာတန်အသင်းမှ တောင်အာဖရိက ကွင်းလယ်ကစားသမား စတီဗင်ပီယင်နာအား ခေါ်ယူရန်စဉ်းစားနေသည်။*

### အိုဇီးလ်အားခေါ်ယူရေး ချယ်လ်ဆီးနှင့် ရီးရဲထပ်မံကြိုးပမ်း

*ဘွန်ဒက်လီဂါအသင်း ဝါဒါဘရီမင်က ယင်း၏ပါရမီရှင်တိုက်စစ်မှူး မီဆွတ် အိုဇီးလ်အား လာမည့်နွေရာသီတွင် ရောင်းရန်အသင့်ရှိနေသည်ဟု ဖွင့်ဟပြောကြားခဲ့ပြီးနောက် ၎င်းအားခေါ်ယူရေးအတွက် ချယ်လ်ဆီးနှင့် ရီးရဲမက်ဒရစ်တို့ ထပ်မံကြိုးပမ်းလျက်ရှိကြသည်။*

### ဖင်လန်ပြေးခုန်ပစ် မီတာ ၈၀၀ပြိုင်ပွဲ၌ ဆီမီညာရွှေဆွတ်ခူး

*ဖင်လန်နိုင်ငံမှ အသက် ၁၉နှစ်အရွယ်ရှိ ပြေးခုန်ပစ်မယ် ကတ်စတာဆီမီညာသည် ဖင်လန်နိုင်ငံ လာပင်လက်ချ်တီ၌ကျင်းပသော ဆာဗိုပြေးခုန်ပစ် ပြိုင်ပွဲ၌ ပွဲဦးထွက်ယှဉ်ပြိုင်ရာ မီတာ ၈၀၀ပြိုင်ပွဲ၌ ၂မိနစ် ၂ဒသမ ၄၁စက္ကန့်ဖြင့် ပန်းဝင်ကာ ဗိုလ်စွဲခဲ့ကြောင်း၊ ရွှေတံဆိပ်ဆွတ်ခူးခဲ့ကြောင်း၊ ယခင် ယင်းမီတာ ၈၀၀ပြိုင်ပွဲ၌ ရွှေတံဆိပ်ဆွတ်ခူးစဉ်ကထက် ၂စက္ကန့်နီးပါးပိုမြန်အောင် ပြေးနိုင်ခဲ့ကြောင်းသိရသည်။*

### ပေါင်ရှစ်သန်းတန်ခံစစ်မှူး ကာလ်တန်ကိုးလ်

*စတုတ်စီးတီးအသင်းသည် ဝက်စ်ဟမ်းမှ ပေါင်ရှစ်သန်းတန် ခံစစ်မှူး ကာလ်တန်ကိုးလ်အား ကမ်းလှမ်းခေါ်ယူဖွယ်ရှိသည်။*

### ဖီးလ်ဂျုန်းစ်အားစာချုပ်ခေါ်ယူရန် စပါးစိတ်ဝင်စား

*စပါးအသင်းသည် ဘလက်ဘန်းမှ အသက် ၁၈နှစ်အရွယ်ရှိ ဆယ်ကျော်သက် ခံစစ်မှူး ဖီးလ်ဂျုန်းစ်အား စာချုပ်ခေါ်ယူရန် စိတ်ဝင်စားနေသည်ဟုဆိုသည်။*

### သံလုံးပစ်သမားကယ်လီနှင့် စတီဗင်ဆင်ပြိုင်ပွဲဝင်ခွင့် ပိတ်ပင်ခံရ

*ဗြိတိသျှသံလုံးပစ်သမားများဖြစ်ကြသည့် ကီရင်ကယ်လီနှင့် ဂျာမီစတီဗင်ဆင်တို့သည် ပြိုင်ပွဲတွင် တားမြစ်ဆေးသုံးစွဲမှုရှိ မရှိ စစ်ဆေးရန်ပျက်ကွက်ခဲ့မှုကြောင့် ၎င်းတို့အား ၂၀၁၂ခုနှစ်အထိ နှစ်နှစ်ကြာပြိုင်ပွဲ ဝင်ခွင့်ပိတ်ပင်ခဲ့သည်။*

### အတ္တလန္တာတင်းနစ်ပြိုင်ပွဲ၌ ဂျိမ်းဝပ်ဒ်ရှုံးပွဲကြုံ

*အမေရိကန်နိုင်ငံ အတ္တလန္တာမြို့၌ကျင်းပသော အတ္တလန္တာချန်ပီယံရှစ် တင်းနစ်ပြိုင်ပွဲ ပထမအဆင့်ပတ်လည်ပြိုင်ပွဲတွင် အသက် ၂၃နှစ်ရှိ ဗြိတိသျှတင်းနစ်သမား ဂျိမ်းဝပ်ဒ်သည် ကမ္ဘာ့အဆင့်(၆)ရှိ အမေရိကန်တင်းနစ်သမား မာဒီဖစ်ချ်အား ၆-၁၊ ၆-၂ဖြင့် နှစ်ပွဲပြတ် ရှုံးနိမ့်ခဲ့သည်။*

### ဂေါက်သီးအသင်း တွဲဖက်ခေါင်းဆောင်သုံးဦး ကောလင်းရွေးချယ်

*ရိုက်ဒါဖလား ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အမေရိကန်ဂေါက်သီးအသင်းနှင့် ဆုံတွေ့ယှဉ်ပြိုင်ရမည့် မြောက်အိုင်ယာလန်ဂေါက်သီးအသင်းခေါင်းဆောင် ကောလင်းမောင့်ဂိုမာရီသည် ၎င်း၏တွဲဖက်အသင်းခေါင်းဆောင်များအဖြစ် ဒါရင်ကလာကီ၊ ပေါလ်မက်ဝင်လေနှင့် သောမတ်ဘီဂျွန်တို့အား ရွေးချယ်လိုက်သည်။ ။ (အင်တာနက်)*

# မြို့ပြနှင့်မခြား နမ့်ပေါင်ကျေးရွာနှင့် နမ့်ပေါင်တံတား

သတင်းဆောင်းပါး- တင်ထွေး(သတင်းစဉ်)၊ ဓာတ်ပုံမှတ်တမ်း- ကိုထွေး၊ စာမျက်နှာဖွဲ့စည်းမှု- ခိုင်လွင် (မြန်မာ့အလင်း)

**နေပြည်တော် ဇူလိုင် ၂၁**

နေပြည်တော်မှာ မိုးဖြိုင်ဖြိုင်ရွာနေပါပြီ။ အနောက်တောင် မုတ်သုံလေ ဝင်ရောက်မှု အနည်းငယ်နောက်ကျနိုင်သည်ဟူသော မိုးလေဝသ ခန့်မှန်းချက်ကြောင့် နွေအပူဒဏ်ကိုတောင့်ခံရဦးမည်ဟု ထင်မှတ်ခဲ့သော်လည်း ဘင်္ဂလားပင်လယ်အော်တောင်ပိုင်း၌ ဖြစ်ပေါ်သော ဆိုင်ကလုန်းမုန်တိုင်းလိုင်လာ၏အရှိန်ကြောင့် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် မေလမကုန်ဆုံးမီ မိုးဖြိုင်ဖြိုင် ရွာသွန်းခဲ့လေသည်။

မိုးရွာသွန်းမှုကြောင့် အပူချိန်သိသိသာသာကျဆင်းသွားပြီး သစ်ပင်များလည်း စိမ်းလန်းစိုပြည်လာလေသည်။

## အရိပ်အယောင်

နေပြည်တော်ပင်လောင်းလမ်းဆုံမှ အရှေ့ဘက်သို့လှမ်းမျှော်ကြည့်လိုက်သောအခါ ရှမ်းရိုးမတောင်တန်းကြီးပေါ်တွင် မိုးသားတိမ်လိပ်များ တရွေ့ရွေ့ကျော်ဖြတ်နေသည်ကို တွေ့ရလေသည်။ သည်ပုံအတိုင်းဆိုလျှင်ဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)က နမ့်ပေါင်ကျေးရွာကလေးတွင်လည်း မိုးရွာသွန်းတော့မည့် အရိပ်အယောင်များပင် ဖြစ်ပေသည်။

## နမ့်ပေါင်ကျေးရွာ

ယမန်နှစ်မိုးနှောင်းကာလအတွင်းက ရှမ်းပြည်နယ်(မြောက်ပိုင်း) တစ်ခွင် လေ့လာရေးခရီး လှည့်လည်ခဲ့ရာ မြို့ပြနှင့်မခြား ဖွံ့ဖြိုးစည်ပင်လျက်ရှိသော နမ့်ပေါင်ကျေးရွာကလေးလည်း ပါဝင်ခဲ့လေသည်။ လားရှိုးမြို့မှ တန့်ယန်းမြို့သို့အသွား ခရီးလမ်းသင့်၍ နမ့်ပေါင်ကျေးရွာကလေးသို့ ဝင်ရောက်လေ့လာဖြစ်ခဲ့သည်များကို ပြန်လည်မြင်ယောင်မိသောအခါ ကြည်နူးပီတိ ဖြစ်ရလေသည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ်အတွင်း ပါဝင်သော နမ့်ပေါင်ကျေးရွာသည် ပင်လယ်ရေမျက်နှာပြင်အထက် ၂၈၀၆ပေ၌တည်ရှိပြီး ကျယ်ပြန့်သောလွင်ပြင်ကို တောင်စွယ်တောင်တန်းများက ဝန်းရံလျက်ရှိသည်။ နမ့်ပေါင်ကျေးရွာအုပ်စုသည် ပူအိုက်စွတ်စိုသော ရာသီဥတုရှိပြီး တစ်နှစ်ပတ်လုံး ပျမ်းမျှမိုးရေချိန်လက်မ၅၀ခန့် ရွာသွန်းသည်။ အမြင့်ဆုံးအပူချိန် ၃၄ဒီဂရီဖာရင်ဟိုက်၊ အနိမ့်ဆုံးအပူချိန် ၀ဒသမ ၄ဒီဂရီဖာရင်ဟိုက် ဖြစ်သည်။

## ဖွဲ့စည်းထား

နမ့်ပေါင်ကျေးရွာအုပ်စု၏ အရှေ့ဘက်နှင့် တောင်ဘက်တွင် နမ္မဖောဒကျေးရွာအုပ်စု၊ အနောက်ဘက်တွင် မန်ပျဉ်ကျေးရွာအုပ်စု၊ မြောက်ဘက်တွင် လုပ်ဝိုင်ကျေးရွာနှင့် မန်စယ်ကျေးရွာအုပ်စုတို့တည်ရှိသည်။ နမ့်ပေါင်ကျေးရွာအုပ်စုကို ကျေးရွာကိုးရွာဖြင့် ဖွဲ့စည်းထားပြီး ၂၀၀၉ ခုနှစ် ဩဂုတ် ၂၂ရက် စာရင်းအရအိမ်ခြေ ၉၉၃အိမ်၊ အိမ်ထောင်စု ၉၉၃စု လူဦးရေ စုစုပေါင်း ၅၈၇၅ဦး နေထိုင်ကြသည်။

နမ့်ပေါင်ကျေးရွာအုပ်စုတွင် ပညာရေးနှင့် ကျန်းမာရေးကဏ္ဍ အနေဖြင့် အခြေခံပညာ အထက်တန်းကျောင်းခွဲတစ်ကျောင်း၊ အခြေခံပညာမူလတန်းကျောင်းနှစ်ကျောင်း၊(၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံတစ်ရုံနှင့် ကျေးလက်ကျန်းမာရေးဌာနတစ်ခုတို့ကို ဖွင့်လှစ်ထားရှိသည်။ ဆက်သွယ်ရေးစခန်းနှစ်ခုနှင့် ဈေးတစ်ဈေးရှိသည်။ လားရှိုး-မိုင်းရယ်-တန့်ယန်းလမ်းပေါ်၌ တည်ရှိသောကြောင့် လမ်းပန်းဆက်သွယ်ရေး လွယ်ကူသည်နှင့်အမျှ လူနေမှုအဆင့်အတန်းမှာ ဒေသအတိုင်းအတာအရ မြင့်မားပြီး ဖွံ့ဖြိုးစည်ပင်လျက်ရှိသည်။



**နမ့်ပေါင်ကျေးရွာအုပ်စု ဥက္ကဋ္ဌ ဦးစိုင်းလှအောင် နမ့်ပေါင်ကွန်ကရစ်တံတားသစ် မတည်ဆောက်မီက ကြုံတွေ့ခဲ့ရသည့် အခြေအနေများကို ပြောကြားစဉ်။**

နမ့်ပေါင်ကျေးရွာ၏ အဓိက စီးပွားရေးမှာ စိုက်ပျိုးရေးဖြစ်ပြီး လယ်ယာစပါး၊ တောင်ယာစပါး၊ မြေပဲ၊ နှမ်း၊ နေကြာ၊ ပန်းနှမ်း၊ မုန်ညင်း၊ ရော်ဘာ၊ ကြံ၊ အစေ့ထုတ်ပြောင်း၊ ပဲပုပ်၊ ပဲစင်းငုံ၊ ပန်းဂျုံ၊ စားတော်ပဲ၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီနှင့် ဟင်းသီးဟင်းရွက်များ စိုက်ပျိုးကြသည်။ မွေးမြူရေးအနေဖြင့် ကျွဲ၊ နွား၊ ကြက်၊ ဘဲနှင့်ဝက်တို့ကို မွေးမြူကြသည်။

## အသုံးပြု

နမ့်ပေါင်ကျေးရွာအုပ်စု အတွင်းရှိ မိုင်းတင်းဆည်နှင့် နမ့်ပေါင်ချောင်းရေဦးရေထွက်တောမှ ထွက်ရှိလာသောရေဖြင့် စိုက်ပျိုးရေးလုပ်ငန်းနှင့်သောက်သုံးရေများ အသုံးပြုကြသည်။ နမ့်ပေါင်ဆိုသည်မှာ ရှမ်းဘာသာစကားဖြစ်ပြီး ရေပေါင်းစုံသည့်နေရာ(ချောင်းများပေါင်းစုံသည့်နေရာ)ဟု အဓိပ္ပာယ်ရသည်။

နမ့်ပေါင်ကျေးရွာအုပ်စုသည် လားရှိုး-မိုင်းရယ်-တန့်ယန်းပြည်ထောင်စုလမ်းမကြီးပေါ်တွင်တည်ရှိပြီး လားရှိုးမြို့နှင့် ၂၅ မိုင်ကွာဝေးသည်။ နမ့်ပေါင်ကျေးရွာ၏ အလယ်မှ နမ့်ပေါင်ချောင်းဖြတ်သန်းစီးဆင်းလျက်ရှိရာ နမ့်ပေါင် ချောင်းကူးတံတားသည် လားရှိုး-မိုင်းရယ်-တန့်ယန်းမြို့များသို့ ဆက်သွယ်သွားလာရေးအတွက် အရေးပါသော တံတားတစ်စင်းဖြစ်သည်။ နမ့်ပေါင်တံတားသည် လားရှိုး-မိုင်းရယ်-တန့်ယန်းလမ်း အတွက်သာမက လားရှိုး-မယ်ဟန်-ကျေးသီးလမ်းအတွက်လည်း မရှိမဖြစ် တံတားတစ်စင်းဟု ဆိုနိုင်သည်။



**နမ့်ပေါင်ကျေးရွာ အဝင်မှ 'နမ့်ပေါင်'ဆိုင်းဘုတ်ကို သေသပ်လှပစွာ တွေ့ရစဉ်။**

## စတင်တည်ဆောက်

နမ့်ပေါင်တံတားသည် အရှည်ပေ ၁၈၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ပေ၊ လူသွားလမ်း အကျယ်တစ်ဖက် သုံးပေစီ၊ ယာဉ်တစ်စီးချင်းခံနိုင်ဝန် တန် ၆၀၊ သံကူကွန်ကရစ် တိုင်၊ သံကူကွန်ကရစ်ရက်မ၊ သံကူကွန်ကရစ်ကြမ်းခင်း အမျိုးအစားဖြစ်သည်။ လားရှိုးခရိုင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက ၂၀၀၇ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ၂၀၀၉ခုနှစ် ဩဂုတ် ၂၂ရက်တွင် ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

ယခုကဲ့သို့ ကွန်ကရစ်တံတားအသစ် မတည်ဆောက်မီက သစ်သားတံတားသာ ဖြစ်ခဲ့၍ တန်ချိန်များသော ယာဉ်များသွားလာရန်ခက်ခဲပြီး တံတားချွတ်ယွင်းမှု မကြာခဏ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။



**နမ့်ပေါင်ကွန်ကရစ်တံတားသစ်တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့၍ မော်တော်ယာဉ်များ အဆင်ပြေလွယ်ကူစွာ ဖြတ်သန်းသွားလာနေမှုကို တွေ့ရစဉ်။**

နမ့်ပေါင်ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးစိုင်းလှအောင်က နမ့်ပေါင်တံတားသစ် မတည်ဆောက်မီအခြေအနေများနှင့် စပ်လျဉ်း၍ **"အရင်ကဆိုရင် တံတားအဟောင်းက ကြမ်းခင်းတွေမကောင်းလို့ ကားဘီးတွေ မကြာခဏကျွံကျတယ်။ ဒီလိုကျွံလိုက်၊ ပျက်လိုက်ဖြစ်နေလို့ တစ်လတစ်ခါလောက် ပြင်ရတယ်။ ညဘက်ဆိုရင်ကောင်းကောင်း မအိပ်ရဘူး။ တံတားအတွက် ရင်တမမနဲ့ စိုးရိမ်နေရတယ်။ သစ်သားတံတားဆိုတော့ တန်ချိန်များတဲ့ ကားတွေဖြတ်သန်းရင် အလွန်စိုးရိမ်စရာကောင်းတယ်။ တံတားပေါ်က ကလေးတွေ ပြုတ်ကျတာနှစ်ခါ တောင်ရှိခဲ့တယ်။ ဒီလိုမဖြစ်အောင် တံတားနှစ်ဖက်ကို စည်းရိုးလေးတွေ ကာပေးခဲ့ရတယ်။ ၁၉၉၈ခုနှစ်တုန်းက ချောင်းရေကြီးပြီး တံတားဒေါက်တိုင် ရေစီးနဲ့ပါသွားတယ်။ နောက်မှ ကျောက်ရိုးစီပြီး ပြန်ပြုပြင်ခဲ့ရတယ်။ အခုလိုကွန်ကရစ်တံတားအသစ်ကြီး တည်ဆောက်နိုင်ခဲ့လို့ အားလုံးဝမ်းသာပီတိဖြစ်ကြရတယ်။ အခုဆိုရင် တံတားပေါ်မှာ တန်ချိန်များတဲ့ ကားတွေလည်း စိတ်ချလက်ချသွားနိုင်ပြီ။ တံတားအတွက် ပူပန်နေရတာမျိုး မရှိတော့ဘူး"**ဟု ပြောကြားသည်။

## အထောက်အကူဖြစ်

နမ့်ပေါင် ကွန်ကရစ်တံတားအသစ်ဖြစ်တည်လာခြင်းသည် ဒေသ၏လမ်းပန်းဆက်သွယ်ရေးအတွက်သာမက နမ့်ပေါင်ရွာ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကိုပါ အထောက်အကူဖြစ်စေခဲ့လေသည်။

နမ့်ပေါင်ကျေးရွာကလေးမှ ခရီးဆက်ရန် ပြင်သောအခါ နံနက် ၁၁နာရီ ကျော်နေလေပြီ။ ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးစိုင်းလှအောင်က နေ့လယ်စာ စားပြီးမှ ခရီးဆက်ရန် အတန်တန်တားသည့်ကြားက အားနာစွာနှင့်ပင် နှုတ်ဆက်ထွက်ခွာခဲ့ရသည်။ နမ့်ပေါင် ကျေးရွာကလေး၏ ဖွံ့ဖြိုးတိုးတက်မှုကို ကားလမ်းမဘေးမှ လူနေအိမ်ခြေများနှင့် အစီအရီရှိနေသော စတိုးဆိုင်များ၊ စားသောက်ဆိုင်များက သက်သေခံလျက်ရှိပေသည်။

လားရှိုးမြို့မှ ကားဆရာ ကိုအောင်သက်ကလီဗာကိုခပ်ဖွဖွနင်းရင်း **"ဥက္ကဋ္ဌက သိပ်သဘောကောင်းတာဆရာ၊ နေ့လယ်စာကျွေးတာ မစားသွားလို့ စိတ်တောင်ကောင်းမှာမဟုတ်ဘူး"**ဟု ပြောပါသည်။ အခါအခွင့်သင့်လျှင်ဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)က နမ့်ပေါင်ကျေးရွာကလေးတွင် ရှမ်းရိုးရာထမင်းဟင်းကို မြည်းစမ်းကြည့်ချင်ပါသေးသည်။ ။

**နမ့်ပေါင် ကွန်ကရစ်တံတားသစ်တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့၍ ဒေသခံပြည်သူများ နေ့ညမရွေး အန္တရာယ်ကင်းစွာ သွားလာနိုင်ကြပြီ။**





# ပညာရည်ချွန်ဆုချီးမြှင့်ပွဲ ကျိုင်းတုံမြို့၌ကျင်းပ

**ကျိုင်းတုံ ဇူလိုင် ၂၁**

ကျိုင်းတုံမြရတနာမိသားစု ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ဇူလိုင် ၁၆ရက် မွန်းလွဲပိုင်းက ကျိုင်းငမ်း မူလတန်းကြိုကျောင်း ခန်းမ၌ကျင်းပရာ ရှေးဦးစွာ တွဲဖက်ပြည်နယ်ပညာရေးမှူးက အမှာစကားပြောကြားပြီး စေတနာရှင် မြရတနာ ဦးကျော်တင့်က ပညာရည်ချွန်ဆုချီးမြှင့်ရခြင်းနှင့် အလှူဒါန ပြုခြင်းအကြောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပညာရည်ချွန်ဆုချီးမြှင့်ရာ ၂၀၀၉-၂၀၁၀ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် မြို့နယ်အဆင့် အောင်ချက်အကောင်းဆုံးကျောင်း၊ ဂုဏ်ထူးရအောင် သင်ကြားပေးသော ဆရာ ဆရာမ ၃၁ဦး၊ ဂုဏ်ထူးရကျောင်းသား ကျောင်းသူ ၅၆ဦးတို့အား မြရတနာ ဦးကျော်တင့်နှင့် တာဝန်ရှိသူတို့က ဆုများချီးမြှင့်သည်။ **(အပေါ်ပုံ)** ဆုများချီးမြှင့်ရာတွင် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ဘာသာရေး ကိစ္စရပ်များ အပါအဝင် ငွေကျပ် ၆သိန်းကျော် လှူဒါန်းခဲ့ကြောင်း သိရသည်။

**(ပြည်နယ် ပြန်/ဆက်)**

# ကံမမြို့နယ်အသင်း(ရန်ကုန်) သင်းလုံးကျွတ်စည်းဝေးမည်

**ရန်ကုန် ဇူလိုင် ၂၁**

ကံမမြို့နယ်အသင်း(ရန်ကုန်)၏ သင်းလုံးကျွတ်အစည်းအဝေး၊ ပညာရည်ချွန်ဆုပေးပွဲနှင့် သက်ကြီးပူဇော်ပွဲ အခမ်းအနားကို ဩဂုတ် ၇ရက်(စနေနေ့) နံနက် ၈နာရီခွဲတွင် ကြည့်မြင်တိုင်မြို့နယ် ကျောင်းကြီးလမ်း မဟာပုညောပကာရမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

၂၀၁၀ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ကြသော အသင်းဝင်များ၏ သားသမီးများနှင့် ဇူလိုင် ၃၁ရက်တွင် အသက်(၇၀)ပြည့်ပြီးသော အသင်းဝင်များ အမှုဆောင်အဖွဲ့ထံသို့ ကြိုတင်အကြောင်းကြားကြရန်နှင့် အလှူငွေများကို ဦးအောင်တိုး ဖုန်း-၀၉-၅၀၆၆၃၈၉၊ ဦးစိုးငြိမ်း ဖုန်း-၅၁၇၄၆၆၊ ဦးသိန်းတန် ဖုန်း-၅၀၄၉၁၀၊ ဦးအေးလွင် ဖုန်း-၅၂၆၆၃၈နှင့် ဦးခင်ဇော် ဖုန်း-၅၁၇၀၇၂တို့သို့ ဆက်သွယ် လှူဒါန်းကြရန်နှင့် အသင်းဝင်များ၊ အသင်းမဝင်ရသေးသော ကံမမြို့နယ်သူ မြို့နယ်သားများ အားလုံးတက်ရောက်ကြရန် ဖိတ်ကြားနိုးဆော်ထားကြောင်း သိရသည်။

**(မြန်မာ့အလင်း)**



**ဒီပဲယင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က အဖွဲ့ပိုင်ရုံးအတွင်း နှစ်လက်မ စက်ရေတွင်း တူးဖော်ထားမှုနှင့် ရေထွက်ရှိမှုကို အမှုဆောင်အရာရှိ ဦးတိုးကြည် ကြည့်ရှုစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးဝေလင်းရှိန် ရှင်းလင်းတင်ပြစဉ်။**

(မြို့နယ်စည်ပင်)

# သွေးလွန်တုပ်ကွေး ကာကွယ်နှိမ်နင်းရေး မော်လမြိုင်မြို့တွင် အသိပညာပေးဆွေးနွေး

**မော်လမြိုင် ဇူလိုင် ၂၁**

မွန်ပြည်နယ် ကျန်းမာရေး ဦးစီးဌာနနှင့် မော်လမြိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့၏ စီစဉ်ကြီးကြပ်မှုဖြင့် မော်လမြိုင်မြို့နယ် သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေး အရှိန်အဟုန်မြှင့် လုပ်ငန်းများ အသိပေးဆွေးနွေးပွဲကို ဇူလိုင် ၁၆ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ရွှေမြိုင်ခန်းမ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးဆန်းမြင့်က အမှာစကား ပြောကြားပြီး ပြည်နယ်ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာဇော်ဝင်း၊ ပြည်နယ် ၄ကဲ့ဖျား ဆရာဝန်ကြီး ဒေါက်တာဉာဏ်ဆင့်နှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာနီနီအေးတို့က မော်လမြိုင်မြို့နယ်ရှိ ရပ်ကွက်နှင့် ကျေးရွာများ၌ ဆောင်ရွက်မည့် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး အရှိန်အဟုန်မြှင့် လုပ်ငန်းများကို အသိပေးရှင်းလင်း တင်ပြခဲ့ကြောင်း သိရသည်။ **(ကျန်းမာရေး)**

**စာအုပ်စာပေ လူ့မိတ်ဆွေ**



# မီးဖိုချောင်သုံးသီးနှံများ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းမှု
## မြို့တော်ဝန် ဦးဖုန်းဇော်ဟန် ကြည့်ရှုစစ်ဆေး

မန္တလေး ဇူလိုင် ၂၁

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးဖုန်းဇော်ဟန်သည် တာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင် ၅ရက် နံနက် ၉ နာရီခွဲက ပုသိမ်ကြီးမြို့နယ် ရေတံခွန်တောင်ဒေသ အမှတ် (၁) ဘက်စုံ စိုက်ပျိုးမွေးမြူရေးခြံအတွင်း ပေါင်းစည်းလယ်ယာ ငါးဧကတွင် စိုက်ပျိုးထားသော မီးဖိုချောင်သုံး သီးနှံများ အောင်မြင်ဖြစ်ထွန်းမှုနှင့် သမ္မတောကျေးရွာအုပ်စု ထွေ့ကြီးကုန်းရှိ စိုက်ပျိုးရေးနှင့်မွေးမြူရေးဌာန နွေစပါးရွှေမနော် ၃၇ ဒသမ ၅၄ ဧကစိုက်ကွက်များကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။ (အပေါ်ပုံ)

### ကြည့်ရှုစစ်ဆေး

ရှေးဦးစွာ မြို့တော်ဝန်နှင့်အဖွဲ့သည် အမှတ်(၁)ဘက်စုံစိုက်ပျိုးရေးနှင့်မွေးမြူရေးခြံအတွင်း ပေါင်းစည်းလယ်ယာ ငါးဧကတွင် စိုက်ပျိုးထားသော ရုံးပတီ၊ ကောက်ရိုးမှို၊ ခွေးတောက်ပင်၊ ကြက်ဟင်းခါး၊ ငရုတ်၊ ပဲငုတ်တုတ်၊ တိုင်ထောင်ပဲ၊ ခဝဲ၊ ဘူး၊ ချဉ်ပေါင်နှင့် ခရမ်းပင်များစိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

### ရှင်းလင်းတင်ပြ

ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် သမ္မတောကျေးရွာအုပ်စု ထွေ့ကြီးကုန်းကျေးရွာအနီးရှိ နွေစပါး ရွှေမနော် ၃၇ ဒသမ ၅၄ ဧက စိုက်ကွက်သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ စိုက်ပျိုးထားရှိမှုနှင့် ပတ်သက်၍ စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာန ဌာနမှူး၊ ဌာနခွဲမှူးနှင့် စိုက်ကွက်တာဝန်ခံတို့က ရှင်းလင်းတင်ပြကြသည်။

ထို့နောက် မြို့တော်ဝန်က နွေစပါး ရွှေမနော် စိုက်ကွက်များကို ရိတ်သိမ်းချိန်တန်ပါက အချိန်နှင့်တစ်ပြေးညီရိတ်သိမ်းရေး၊ ရိတ်သိမ်းရာတွင် အလေအလွင့်နည်းပါးရေးတို့အတွက် ကြိုတင်စီစဉ်ဆောင်ရွက်ထားရေးတို့ကို တာဝန်ရှိသူများအား မှာကြားသည်။ (၃၁၃)

# မြကျွန်းသာစာကြည့်တိုက် မိတ္ထီလာ ပန်းတိမ်းကုန်းကျေးရွာ၌ဖွင့်

မိတ္ထီလာ ဇူလိုင် ၂၀

မိတ္ထီလာမြို့ ကန်တောင်ကျေးရွာအုပ်စု ပန်းတိမ်းကုန်းကျေးရွာ မြကျွန်းသာစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၁၂ရက် နံနက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ဆွေ၊ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်မောင်၊ မြို့မိမြို့ဖ ဦးစိုးအောင်တို့က စာကြည့်တိုက် အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

### ပေးအပ်လှူဒါန်း

ထို့နောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဦးမောင်မောင်က ကျေးရွာစာကြည့်တိုက်များ ရှင်သန်ခိုင်မာရေးလုပ်ငန်းစဉ် (၅)ချက်ကို ရှင်းလင်းပြောကြားပြီး မြကျွန်းသာစာကြည့်တိုက်အတွက် သုတ၊ရသစာအုပ်စာစောင်များနှင့် ငွေပဒေသာပင်များကို အလှူရှင်များကလှူဒါန်းရာ သီရိသုခမ္မမဏိဇောတဓရ ဦးကျော်အေး-ဒေါ်သန်းနွဲ့မိသားစုက စာအုပ်စာစောင် အုပ်၂၀၀၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်မောင်က စာအုပ်မျိုးစုံ အုပ်၁၅၀၊ ဦးဇော်မျိုးသိန်း-ဒေါ်စုစုအောင် မိသားစုက သတင်းစာတစ်နှစ်စာအတွက် ငွေကျပ် ၃၀၀၀၀၊ ဦးဇာနီထွန်း-ဒေါ်မေရီဆန်း မိသားစုက ငွေပဒေသာပင်အတွက် ငွေကျပ်၂၀၀၀၀၊ ဒို့ကျေးရွာဂျာနယ် တစ်နှစ်စာအတွက် ငွေကျပ်၄၈၀၀၊ ဦးမြင့်စိန်-ဒေါ်ဝါနုမိသားစုက သုတ ရသစာအုပ်စာစောင် အုပ် ၁၅၀ပေးအပ်လှူဒါန်းကြသည်။ (အောက်ပုံ) (ခရိုင် ပြန်/ဆက်)



# ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်း မိုးနဲမြို့နယ်၌ဖွင့်

မိုးနဲ ဇူလိုင် ၂၀

ရှမ်းပြည်နယ် မိုးနဲမြို့နယ် ရပ်ကွက်နှင့်ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲဝင်များ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇွန် ၂၆ရက် နံနက် ၈နာရီက မိုးနဲမြို့နယ် အခြေခံပညာအထက်တန်းကျောင်း ပုလဲဆောင်ခန်းမ၌ကျင်းပရာ မြို့နယ်ကော်မရှင် အဖွဲ့ခွဲဝင်များ ဖြစ်ကြသည့် ဦးရန်နိုင်နှင့် ဦးစိုးမြင့်တို့က လွှတ်တော်(၃)ရပ် ဥပဒေ၊ နည်းဥပဒေများ၊ မြို့နယ်နှင့် ရပ်ကွက်၊ ကျေးရွာအုပ်စု ကော်မရှင် အဖွဲ့ခွဲလုပ်ငန်းလမ်းညွှန်များကိုလည်းကောင်း၊မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးမင်းအောင်က မဲရုံမှူး၊ ဒုမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်လုပ်ငန်း လမ်းညွှန်များကိုလည်းကောင်း ပို့ချပြီး မြို့နယ်ကော်မရှင် အဖွဲ့ခွဲဝင် ဦးစိုင်းထွန်းစိန်နှင့် ဦးစိုင်းကျော်ဝင်းတို့က ရှမ်းဘာသာဖြင့် ပြန်လည်ရှင်းလင်းပြီး မဲရုံတွင် မဲပေးပုံ အဆင့်ဆင့်ကို လက်တွေ့သရုပ်ပြကြသည်။

အဆိုပါ သင်တန်းသို့ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင်၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲဝင် စုစုပေါင်း ၁၇၃ ဦး တက်ရောက်ခဲ့ကြသည်။

(မြို့နယ် ပြန်/ဆက်)

**မုံရွာမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိသော မုံရွာမြို့ အိုးဘိုတောင်ရပ်ကွက် အမှတ်(၁)လမ်း ကျောက်ချောခင်းရန် ကျောက်များစုဆောင်းထားရှိမှုကို တာဝန်ခံအင်ဂျင်နီယာမှူး ဦးသင်းမင်းလတ် ဇူလိုင် ၁၄ရက်က ကွင်းဆင်းစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ(၂)မြို့ပြက လိုက်လံရှင်းလင်းတင်ပြစဉ်။**

(မြို့နယ် ပြန်/ဆက်)





# ငါးသယံဇာတ ထိန်းသိမ်းရေးလုပ်ငန်းများ
## မော်လမြိုင်ကျွန်းမြို့နယ်၌ အသိပညာပေးဆွေးနွေး

မော်လမြိုင်ကျွန်း ဇူလိုင် ၇

ဧရာဝတီတိုင်း ငါးလုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် မော်လမြိုင်ကျွန်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးမြင့်အေးနှင့် ဝန်ထမ်းများသည် ဇူလိုင် ၅ရက် နံနက် ၁၁ နာရီက မော်လမြိုင်ကျွန်းမြို့ပေါ်ရှိ ငါး၊ ပုစွန်နှင့် ငါးရှဉ့် အဝယ်ဒိုင်များသို့ ကွင်းဆင်းသွားရောက် ကြည့်ရှုစစ်ဆေးပြီး ငါးသယံဇာတ ထိန်းသိမ်းရေးလုပ်ငန်းများကို အသိပညာပေး ဆွေးနွေးဟောပြောကြသည်။

### စေလွှတ်ပေး

ထို့နောက် မော်လမြိုင်ကျွန်းမြို့အဝင် ချွန်းထိပ်ရှိ ဦးမျိုးကြည် ငါးရှဉ့်အဝယ်ဒိုင်တွင် လုံးပတ်သုံးစင်တီမီတာအောက်ရှိ ငါးရှဉ့် ကောင်ရေ ၅၂၀တို့အား ငါးရှဉ့် မျိုးဆက်ပြန့်ပွားတိုးတက်ရေးကို ရှေ့ရှု၍ မော်လမြိုင်ကျွန်းမြို့ တုံးလုံချောင်းအတွင်း ပြန်လည် လွှတ်ပေးခဲ့ကြသည်။

(အပေါ်ပုံ) (၁၄၂)

**မြို့နယ် သတင်း ထွေတလာ**

# မိုးကောင်းမြို့နယ်အသင်း စုပေါင်းလှူဒါန်းပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၁

မိုးကောင်းမြို့နယ်အသင်း (ရန်ကုန်)၏ စုပေါင်းလှူဒါန်းပွဲကို ဇူလိုင် ၂၅ရက် (တနင်္ဂနွေနေ့)တွင် ရွှေတိဂုံဘုရား တောင်ဘက်မုခ်ရှိ ကျောက်စိမ်းတွင်း ဓမ္မာရုံ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ အသင်းသူ အသင်းသားများ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့် လှူဖွယ်ပစ္စည်းများကို ပါဝင်လှူဒါန်းလိုသူများသည် ဦးမောင်ကြီး ဖုန်း-၂၄၃၄၈၂၊ ဦးယုတင် ဖုန်း-၅၂၃၅၂၀၊ ဦးချစ်မောင် ဖုန်း-၅၀၃၁၉၈၊ ဦးတင်မောင်အုန်း ဖုန်း-၅၃၉၂၈၇၊ ဒေါ်ဆွေဆွေကြည် ဖုန်း-၀၉-၅၀၀၀ ၆၃၃နှင့် ဦးအောင်သိန်း ဖုန်း-၃၈၃၉၄၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (မြန်မာ့အလင်း)



# မီးဘေးကြိုတင်ကာကွယ်ရေး ဝမ်းတွင်း၌ ပညာပေး ဟောပြော

ဝမ်းတွင်း ဇူလိုင် ၁

မြို့နယ်မီးသတ်ဦးစီးဌာနက ကြီးမှူး၍ မီးဘေးကြိုတင်ကာကွယ်ရေးဟောပြောပွဲကို ဇူလိုင် ၁ရက် ညနေ ၃နာရီခွဲက ဝမ်းတွင်းမြို့ Denko ကုမ္ပဏီ စက်သုံးဆီအရောင်းဆိုင်အမှတ် (MDY-006) ၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်မီးသတ် ဦးစီးမှူး ဦးဇင်ထွန်းနှင့် တပ်ဖွဲ့ဝင်များ၊ စခန်းမှူးရဲအုပ်ဝင်းဇော်၊ လျှပ်စစ်ကျွမ်းကျင် (၂)ဦးမြင့်သိန်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းမောင်၊ အရောင်းဆိုင်မန်နေဂျာ ဦးအောင်ဖြိုးလတ်နှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

ဆက်လက်၍ မြို့နယ်မီးသတ် ဦးစီးမှူးက ဆိုင်မန်နေဂျာနှင့် ဝန်ထမ်းများအား မီးဘေးကြိုတင်ကာကွယ်ရေး လုပ်ငန်းများ၊ လက်တွေ့မီးငြိမ်းသတ်ရေး လုပ်ငန်းများ ပညာပေးဟောပြောသည်။

(မြို့နယ် ပြန်/ဆက်)

## ကွင်းဆင်းစစ်ဆေး

**ဒီပဲယင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် အမှုဆောင်အရာရှိ ဦးတိုးကြည် ဦးဆောင်လျက် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ်မီးသတ်တပ်ဖွဲ့၊ မြို့နယ် လျှပ်စစ်ဝန်ထမ်းများနှင့် ဈေးအကျိုးဆောင်များ ဇူလိုင်၆ရက်က ဈေးများအတွင်း ကွင်းဆင်းစစ်ဆေးစဉ်။**

(မြို့နယ်စည်ပင်)

# ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာများ
## မိုးကုတ်မြို့နယ်၌ ပေးအပ်လှူဒါန်း

မိုးကုတ် ဇူလိုင် ၁၀

မိုးကုတ်မြို့နယ်ရှိ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများသို့ ကျောင်းသုံးစာအုပ်နှင့်စာရေးကိရိယာများ၊ ပညာရေးဆိုင်ရာအထောက်အပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို ဇွန် ၂၃ရက် နံနက်ပိုင်းက မိုးကုတ် ရတနာသိဒ္ဓိပရဟိတ မိဘမဲ့ကလေးများ ပညာရေးကျောင်း၌ကျင်းပရာ အခမ်းအနားကို အစီအစဉ်အတိုင်း ဆောင်ရွက်ကြပြီး မိုးကုတ်မြို့နယ်အတွင်းရှိ ကျောင်းရှစ်ကျောင်းသို့ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ကျောင်းသားကျောင်းသူ စုစုပေါင်း ၂၀၀၀ ကျော်တို့အတွက် ငွေကျပ် ၃၄သိန်း တန်ဖိုးရှိ ကျောင်းသုံးစာအုပ်နှင့်စာရေးကိရိယာများ၊ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ကြသော ဂုဏ်ထူးရှင် ရှစ်ဦးတို့အား တစ်ဘာသာလျှင် ငွေကျပ်တစ်သောင်းနှုန်းဖြင့် ဂုဏ်ပြုဆုငွေများကို မန္တလေးတိုင်း သာသနနုဂ္ဂဟ အသင်းဥက္ကဋ္ဌ ဦးကျော်ဝေ၊ အတွင်းရေးမှူး ဦးကျော်စိန်ဝင်း၊ ဒုတိယညွှန်ကြားရေးမှူး တိုင်းသာသနာရေးဦးစီးဌာန၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်ဦး၊ ဦးမြဝင်းနှင့် အမှုဆောင်အဖွဲ့ဝင်တို့က အသီးသီး ပေးအပ်လှူဒါန်းကြသည်။

### ထောက်ပံ့လှူဒါန်း

ထို့နောက် အသင်းဥက္ကဋ္ဌ ဦးကျော်ဝေ (အောင်ကောင်းကျော်ဆောက်လုပ်ရေး)က မိုးကုတ်ရတနာသိဒ္ဓိ မိဘမဲ့ကလေးများ ပညာရေးကျောင်းမှ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ကျောင်းသား ကျောင်းသူ နဝမတန်း ၄၀၊ တက္ကသိုလ်ဝင်တန်း ၁၅ဦး စုစုပေါင်း ၅၅ဦးတို့အတွက် တစ်ဦးလျှင် ကျောင်းဝတ်စုံနှင့်ကျောင်းစရိတ်ငွေကျပ်တစ်သောင်းနှုန်းဖြင့် ငွေကျပ် ငါးသိန်းငါးသောင်းကို ထောက်ပံ့လှူဒါန်းသည်။(ဝဲပုံ)

(မြို့နယ် ပြန်/ဆက်)



★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

## ပြည်သူ့ဆန္ဒ သဘောထား

■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုး

## ရှမ်းပြည်နယ်ကော်မရှင်အဖွဲ့ခွဲ၊ တောင်ကြီးခရိုင်နှင့် လွိုင်လင်ခရိုင် မြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများနှင့်တွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၂၁**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် ရှမ်းပြည်နယ် ကော်မရှင်အဖွဲ့ခွဲ၊ တောင်ကြီးခရိုင်၊ မြို့နယ်နှင့် ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများတွေ့ဆုံပွဲအခမ်းအနားကို ဇူလိုင် ၁၉ရက် နံနက် ၇နာရီတွင် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုး၊ အဖွဲ့ဝင်များဖြစ်ကြသော ဒေါက်တာစိုင်းခမ်းလှိုင်နှင့် ဒေါက်တာခင်မောင်နု၊ ရှမ်းပြည်နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ခွဲအဖွဲ့ဝင်များ၊ တောင်ကြီးခရိုင်ကော်မရှင်အဖွဲ့ခွဲနှင့် မြို့နယ်ကော်မရှင် အဖွဲ့ခွဲများ၊ ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများမှ အဖွဲ့ဥက္ကဋ္ဌများနှင့် အဖွဲ့ခွဲအဖွဲ့ဝင်များ တက်ရောက်ကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❍

## နိုင်ငံရေးပါတီ တည်ထောင်ခွင့်များ ဆက်လက် လျှောက်ထားလျက်ရှိ

**နေပြည်တော် ဇူလိုင် ၂၁**

နိုင်ငံရေးပါတီ တည်ထောင်လိုသူများက ယင်းတို့ တည်ထောင်လိုသော ပါတီ၏အမည်ကိုဖော်ပြ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ဆက်လက်လျှောက်ထားလျက်ရှိကြရာ ပြည်သူ့လူ့ဘောင်သစ်ပါတီ(ပလဘသ) PEOPLE'S NEW SOCIETY PARTY (PNSP) အဖွဲ့က ၂၀၁၀ခုနှစ် ဇူလိုင် ၂၁ရက်တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ပါတီတည်ထောင်ခွင့် လာရောက်လျှောက်ထားခဲ့သည်။

*စာမျက်နှာ ၃ ကော်လံ ၄* ❐

မြန်မာ့အလင်း ဆန်းသစ်တီထွင် ကမ္ဘာတစ်ခွင်

## အနာဂတ်တွင် အီလက်ထရွန်နစ်ကားများ ပိုမိုထုတ်လုပ်လာမည်

ကောင်းမြတ်သူ – ရေးသားသည်

*တိုကျို ဇူလိုင် ၂၁*

*စက်သုံးဆီ ဈေးနှုန်းမြင့်တက်မှုနှင့် အနာဂတ်ရုပ်ကြွင်းလောင်စာများ လျော့နည်းလာမှုကြောင့် အခြားစွမ်းအင်များ ပြောင်းလဲသုံးစွဲနိုင်သည့် မော်တော်ယာဉ်များ ကမ္ဘာတစ်ဝန်း ဆန်းသစ်တီထွင် ထုတ်လုပ်လာကြသည်။*



*တစ်ချိန်တည်းမှာပင် ဂျပန်နိုင်ငံမှ ထိပ်တန်းမော်တော်ကားထုတ်လုပ်ရေးကုမ္ပဏီကြီးတစ်ခုဖြစ်သော ဟွန်ဒါကုမ္ပဏီက ၂၀၁၂ ခုနှစ်တွင် အမေရိကန်နှင့် ဂျပန်နိုင်ငံတို့၌ အီလက်ထရွန်နစ်မော်တော်ကားများ စတင်ရောင်းချသွားမည်ဖြစ်ကြောင်း ဇူလိုင် ၂၀ရက်က ကြေညာလိုက်သည်။*

*အနာဂတ်တွင် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ထုတ်လွှတ်မှုနည်းသော မော်တော်ကားများ*

*စာမျက်နှာ ၁၁ ကော်လံ ၁* ●

22-7 (20).pmd 1 7/22/2010, 1:52 AM